# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၉ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၁၈ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၂၅၈)



**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

# ဆရာ ဆရာမများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

# ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၉/၂၀၂၁)တွင် တက်ရောက်အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး (၉/၂၀၂၁)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာ စကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာ ပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာ သက်သက်ခိုင်၊ ဦးမောင်မောင် အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦးတို့ တက်ရောက် ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁ ❍*


❒ **အစိုးရရုံးပိတ်ရက်များ သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ပြည်သူများ၏ ခံစားခွင့် အနားယူမှု၊ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများ ဆောင်ရွက်မှုများကို ထည့်သွင်းစဉ်းစားရန်လို**

❒ **ထို့ကြောင့် အစိုးရရုံးပိတ်ရက်များ ပြန်လည်ပြင်ဆင်သတ်မှတ်ရေး ဆောင်ရွက်ရာတွင် အစားထိုးရုံးပိတ်ရက်များအား လျှော့ချရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်၊ မြန်မာတို့၏ နှစ်သစ်ကူးမဟာသင်္ကြန်ကာလ အတွင်း ပြည်သူများ အနားယူနိုင်ရေး ထည့်သွင်းသတ်မှတ်ပေးထား**




မြန်မာ့အလင်း

# တရားမဝင်ကုန်သွယ်မှု လျော့ကျရေး

တရားမဝင်ကုန်သွယ်မှုသည် မိမိတို့နိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကပင် အမြစ်တွယ်နေခဲ့ခြင်းဖြစ်ပြီး အတိုင်းအတာအားဖြင့်လည်း ကြီးမားသည်။ တရားမဝင် ကုန်သွယ်မှုကြီးမားအားကောင်းသည်နှင့်အမျှ ပုံမှန်ကုန်သွယ်မှုစနစ်ကို ထိခိုက်စေသလို နိုင်ငံ၏ အခွန်ဘဏ္ဍာဆုံးရှုံးမှုပမာဏကိုလည်း ကြီးမားစေသည်။ တရားမဝင် ကုန်သွယ်မှုလမ်းကြောင်းမှ ဝင်ရောက်လာသည့် လူသုံးကုန်၊ စားသောက်ကုန်၊ ဆေးဝါး စသည်တို့တွင် အစားအစာနှင့် ဆေးဝါးဘေးအန္တရာယ်ကင်းရေး စစ်ဆေးမှုများ မရှိခြင်းကြောင့် စားသုံးသူတို့အတွက် အန္တရာယ်ကြီးမားလှသည်။

တရားမဝင် ကုန်သွယ်မှုလမ်းကြောင်းများမှာ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးက အဓိကဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့် ကုန်သွယ်မှုပမာဏမှာ အများဆုံးဖြစ်သည်။ နယ်စပ်မှ မှောင်ခိုတင်သွင်းလာသည့် ကုန်ပစ္စည်းများမှာ ပြည်တွင်းသယ်ယူပို့ဆောင်သည့် လမ်းကြောင်းတွင် စစ်ဆေးမှုအနည်းငယ်မျှကို နည်းလမ်းမျိုးစုံဖြင့် ဖြတ်ကျော်ပြီးလျှင် ဈေးကွက်သို့ ရောက်သည်နှင့် အတားအဆီးမရှိ လွတ်လပ်စွာ ရောင်းချနိုင်သည့် အခြေအနေသို့ ရောက်ရှိသွားသည်။ မြန်မာနိုင်ငံဘက်မှ တရားဝင်သွင်းကုန်ပမာဏနှင့် တစ်ဖက်နိုင်ငံတို့ရှိ အကောက်ခွန်ဌာနများမှ မြန်မာနိုင်ငံသို့ ပို့ကုန်အစီရင်ခံစာတို့မှ ပမာဏတို့ကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် တရားမဝင်ကုန်သွယ်မှုပမာဏကို သိရှိနိုင်ရာ အမေရိကန်ဒေါ်လာသန်းထောင်ပေါင်းများစွာ တန်ဖိုးရှိသည်ကို တွေ့ရသည်။ မှောင်ခိုကုန်သွယ်ရေးကြောင့် နိုင်ငံတော်၏အခွန်ဆုံးရှုံးမှုမှာ နှစ်စဉ်အမေရိကန်ဒေါ်လာသန်း ၅၇၀ ခန့် ရှိသည်ဟုဆိုသည်။ စစ်ဆေးရေးဂိတ်များမှ ဖမ်းဆီးရမိသည့် ပစ္စည်းများ၏ တန်ဖိုးမှာ တရားမဝင် မှောင်ခိုကုန်သွယ်နေသည့် ပမာဏ၏ လွန်စွာနည်းပါးလှသည့် အစိတ်အပိုင်းမျှသာဖြစ်ပြီး သမုဒ္ဒရာထဲတွင် မျောနေသည့် ရေခဲစိုင်ကြီးကဲ့သို့ပင် ရေပေါ်တွင် ထိပ်ပိုင်းကလေးမျှသာမြင်ရပြီး ရေအောက်တွင် မမြင်ရသောပမာဏမှာ ရောမကြီးမားသကဲ့သို့ ဖြစ်သည်ဟုလည်း ဆိုကြသည်။

တရားမဝင် မှောင်ခိုကုန်သွယ်ကြခြင်း၏ ရည်ရွယ်ချက်မှာ အခွန်ရှောင်ပြီး အမြတ်အစွန်းကြီးကြီးမားမားရရန်သာမက အချို့သော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ လိုအပ်သော စာရွက်စာတမ်းအထောက်အထားများရရှိရေး ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးခြင်း၊ လမ်းကြောင်းရှည်ခြင်းတို့ကြောင့် ဖြစ်သည်ဟုလည်း ဆိုကြသည်။ အချို့သွင်းကုန်များမှာ အခွန်ကောက်ခံမှုကြီးလေးသဖြင့် တရားမဝင်တင်သွင်းသည့်လမ်းကို ရွေးချယ်သွားကြခြင်းလည်းဖြစ်သည်။ “တရားမဝင်လမ်းကြောင်းများမှ အခွန်ရှောင်ပြီး ပစ္စည်းများ တရားမဝင်တင်သွင်းနေမှုများကြောင့် အိမ်နီးချင်းနယ်စပ်ကုန်သွယ်ရေးစခန်းများမှရရှိသည့် အခွန်နှုန်းထားသည် များစွာလျော့နည်းနေသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင်တင်သွင်းမှုများကို အုပ်ချုပ်ရေးပိုင်းက ထိထိရောက်ရောက် တားဆီးသွားရန်လိုအပ်ပြီး ရသင့်ရထိုက်သည့် အခွန်အခများကို ရရှိအောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြောကြားခဲ့ရာ တရားမဝင်တင်သွင်းမှုများတားဆီးရေး၊ အခွန်ဘဏ္ဍာပိုမိုရရှိအောင် ကောက်ခံနိုင်ရေးတို့ကို ဖိဖိစီးစီး ဆောင်ရွက်ရန်လိုအပ်လျက်ရှိသည်။

တရားမဝင်ကုန်သွယ်မှုပမာဏ ကြီးမားခြင်းက နိုင်ငံ၏ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အပေါ်တွင်လည်း သက်ရောက်မှုကြီးမားသည်။ တရားဝင်ကုန်သွယ်မှု လွယ်ကူလျင်မြန်စေရန် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်း၊ တရားမဝင်ကုန်စည်များကို ဈေးကွက်သို့ ရောက်ရှိသည့်တိုင်အောင် စစ်ဆေးအရေးယူခြင်း၊ ပြည်တွင်းမှ အလားတူ ကုန်ပစ္စည်းများကို အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်ပြီး ဈေးကွက်တွင် ဆွဲဆောင်ခြင်း စသည့်နည်းလမ်းများကို ကျင့်သုံးကာ မှောင်ခိုကုန်သွယ်မှု လျော့နည်းကျဆင်းရေး ဆောင်ရွက်နိုင်မည်ဟု ယူဆမိပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်မြင်သူများအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ၃၀-၆-၂၀၂၂ ရက်နေ့အထိ တိုးမြှင့်ဆောင်ရွက်မည့်ကိစ္စ အသိပေးကြေညာချက်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ၏ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်များကို အခြေခံပညာအထက်တန်းကျောင်းများတွင် ၃၀-၆-၂၀၂၂ ရက်နေ့အထိ (ပိတ်ရက်အပါအဝင်) ထုတ်ပေးမည်ဖြစ်ပြီး တက္ကသိုလ်များတွင် ၃၀-၆-၂၀၂၂ ရက်နေ့အထိ (ပိတ်ရက်အပါအဝင်) တိုးမြှင့် လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

## ၂၀၂၀ ပြည့်နှစ်အတွက်မှစတင်၍ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ငွေများ တိုးမြှင့်ချီးမြှင့်သွားမည်

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော်က မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပညာရှင်ကြီးများအား အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု (ဘာသာရပ် ၁၈ မျိုး) နှင့် စာပေဗိမာန်စာမူဆု (ဘာသာရပ် ၁၄ မျိုး) တို့ကို နှစ်စဉ်ချီးမြှင့်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးချီးမြှင့်ရာ ရောက်စေရန်၊ စာပေပညာရှင်များအား ဂုဏ်ပြုရာရောက်စေရန်၊ စာကောင်းပေမွန်များ ထွန်းကားပြန့်ပွားစေရန် စသည့်အကျိုးကျေးဇူးများရရှိနိုင်ရန် ၂၀၂၀ ပြည့်နှစ်အတွက်မှ စတင်၍ အမျိုးသားစာပေ တစ်သက်တာဆုကို ငွေကျပ် သိန်း ၁၀၀ ၊ အမျိုးသားစာပေဆုကို ငွေကျပ် သိန်း ၃၀၊ စာပေဗိမာန်စာမူဆု ပထမဆုကို ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုကို ငွေကျပ် ၁၀ သိန်း၊ တတိယဆုကို ငွေကျပ် ၇ သိန်း တိုးမြှင့်ပြင်ဆင် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် ဇွန် ၁၇

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၁၉) ကို ဇွန် ၁၈ ရက် ညနေတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၁၉)၏ ကိုဗစ်- ၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မေဇင်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇွန် ၁၈ ရက်နှင့် ဇွန် ၁၉၊၂၀ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုများ ဖြစ်ပေါ်

သစ်တောပြုန်းတီးရခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် မြစ်၊ ချောင်း၊ ကန်များ ညစ်ညမ်းလာပြီး ရေချိုများ ခန်းခြောက်လာခြင်း၊ ကမ်းခြေများနှင့် ပင်လယ်သမုဒ္ဒရာများ ပျက်စီးယိုယွင်းခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ တောင်ပေါ်ဒေသမြေဆီလွှာများ ပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ဆုံးခြင်း စသည့် ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများနှင့်အတူ လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာစေကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၅-၆-၂၀၂၁ ရက်နေ့တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

- ❒ **နိုင်ငံတိုင်းရှိ အစိုးရတိုင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိ၊ တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးရှိအောင် ဆောင်ရွက်ရမည်ဖြစ်၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသည် အရေးအကြီးဆုံးပင်ဖြစ်**
- ❒ **စက်မှုကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများရှိသော်လည်း ပြည်တွင်းစက်ရုံအလုပ်ရုံများ လည်ပတ်ထုတ်လုပ်မှုများ အားနည်းလျက်ရှိနေသေး၊ နိုင်ငံပိုင်စက်ရုံများသာမက ပုဂ္ဂလိကစက်ရုံအချို့လည်း ပုံမှန်အတိုင်း ထုတ်လုပ်နိုင်မှုမရှိသည်ကို တွေ့ရှိရ၊ စက်ရုံ အလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များကို အားပေးပြီး ပြည်ပမှ တင်သွင်းမှုများကို လျှော့ချဆောင်ရွက်ရန်လို၊ ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုများ လျော့နည်းလာခြင်းကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှု အားကောင်းလာစေရေး အားပေးရန်လို**

❍ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတိုင်းရှိ အစိုးရတိုင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ နိုင်ငံသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသည် အရေးအကြီးဆုံးပင်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ကောင်စီအစည်းအဝေးတွင် ဘဏ္ဍာနှစ်ပြောင်းလဲရေးအတွက် စီမံဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံတော်၏ ငွေလုံးငွေရင်းအသုံးစရိတ်များတွင် ပုဂ္ဂလိက ကဏ္ဍများပါဝင်သကဲ့သို့ နိုင်ငံတော်အစိုးရ၏ ကဏ္ဍသည်လည်း အထိုက်အလျောက် ပါဝင်လျက်ရှိသည်ကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အလားတူ ပညာသင်နှစ်သည် ပုံမှန်အားဖြင့် ဇွန် ၁ ရက်တွင် စတင်ပြီး မတ်လကုန်အတွင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိချိန်ကာလကတည်းက ကျောင်းသား၊ ကျောင်းသူများ၏ နွေရာသီကျောင်းပိတ်ရက်၊ အဖြေလွှာစစ်ဆေးချိန်နှင့် ဆရာ / ဆရာမများ အနားယူရမည့်အချိန်များ တွက်ချက်ပြီး ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ လွှတ်တော်ကျင်းပရာတွင်လည်း မတ်လဆန်းတွင် အစိုးရဖွဲ့ခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး မိုးရာသီတွင် သီးနှံများ အဓိကထားစိုက်ပျိုးကြကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးအပေါ်တွင် အခြေခံပြီး အဓိကသီးနှံဖြစ်သည့်စပါးမှာ မိုးရာသီကုန်တွင်သာ အများဆုံး ထွက်ရှိသဖြင့် ပွင့်လင်းရာသီရောက်ရှိချိန်မှသာ စိုက်ပျိုးရေးထုတ်ကုန်များ ရောင်းချနိုင်သောကြောင့် နိုင်ငံတော်ဘတ်ဂျက်များကို မှန်ကန်စွာ တွက်ချက်နိုင်မည်ဖြစ်ကြောင်း၊ ယခင်အစိုးရ လက်ထက်က ဘဏ္ဍာနှစ်ပြောင်းလဲခဲ့ချိန်တွင် စီးပွားရေးဆိုင်ရာ လုပ်ငန်းများတွင် အခက်အခဲများစွာ ပေါ်ပေါက်ခဲ့ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာနှစ်အား ရှေးယခင်ကအတိုင်း ဧပြီ (၁) ရက်နေ့မှစတင်ရန် ပြန်လည်သတ်မှတ်ရေး ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

### ရုံးပိတ်ရက်များ ပြင်ဆင်သတ်မှတ်ရေး

အစိုးရရုံးပိတ်ရက်များ သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြည်သူများ၏ခံစားခွင့် အနားယူမှု၊ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများ ဆောင်ရွက်မှုများကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် အခြားနိုင်ငံများထက် အစိုးရရုံးပိတ်ရက်များ ပိုမိုများပြားခြင်းကြောင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို များစွာထိခိုက်မှုရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများလည်ပတ်ရာ၌ ရုံးပိတ်ရက်များတွင် လုပ်ခတိုးမြှင့်ပေးရမှုကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရရုံးပိတ်ရက်များ ပြန်လည်ပြင်ဆင်သတ်မှတ်ရေးဆောင်ရွက်ရာတွင်အစားထိုးရုံးပိတ်ရက်များအား လျှော့ချရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာတို့၏ နှစ်သစ်ကူးမဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အနားယူနိုင်ရေး ထည့်သွင်းသတ်မှတ်ပေးထားကြောင်း။

### တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာ၌ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများ ဆောင်ရွက်မှုတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးကဏ္ဍသည် အခြားကဏ္ဍများထက် လျော့နည်းနေသည်ကိုတွေ့ရှိရကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများ တိုးတက်မှု နည်းပါးနေခြင်းကြောင့်ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP တွင် လယ်ယာကဏ္ဍ ပါဝင်မှုသည် ၂၁ ရာခိုင်နှုန်းခန့်သာ ပါဝင်သဖြင့် လယ်ယာကဏ္ဍအား မြှင့်တင်ပေးရန်လိုအပ်ပြီး မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါးများကိုလည်း ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်သည်အထိ ဆောင်ရွက်ရန်လိုကြောင်း။

### ပြည်တွင်းထုတ်ကုန်များကို အားပေး

ပြည်ပနိုင်ငံများသို့ စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့နိုင်ပါက ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများရှိသော်လည်း ပြည်တွင်းစက်ရုံအလုပ်ရုံများ လည်ပတ်ထုတ်လုပ်မှုများ အားနည်းလျက်ရှိနေသေးကြောင်း၊ နိုင်ငံပိုင်စက်ရုံများသာမက ပုဂ္ဂလိကစက်ရုံအချို့လည်း ပုံမှန်အတိုင်း ထုတ်လုပ်နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များကို အားပေးပြီး ပြည်ပမှ တင်သွင်းမှုများကို လျှော့ချဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုများ လျော့နည်းလာခြင်းကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှု အားကောင်းလာစေရေး အားပေးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်များ သက်သာစေရေးအတွက် လျှပ်စစ်ဓာတ်အားခနှုန်းထားများလျော့နည်းအောင် ဆောင်ရွက်ပေးခြင်း၊ ထိုက်သင့်သည့် လုပ်သားခများဖြစ်စေရေး ဆောင်ရွက်ပေးခြင်းနှင့် သယ်ယူပို့ဆောင်ရေးအတွက် ရထားလမ်းနှင့် ကားလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပြီး တတ်နိုင်သမျှ ကူညီဖြည့်ဆည်းပေးနိုင်ပါက ကုန်ဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတစ်ခု တိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးကြီးသည့် လိုအပ်ချက်ဖြစ်သဖြင့် လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် မိမိ မကြာခဏ ပြောကြားထားကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်သူတချို့သည် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြကြောင်း၊ စက်ရုံအလုပ်ရုံများ လည်ပတ်ခြင်းဖြင့် ပြည်တွင်း၌ပင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ဘဝ တိုးတက်စေရေး ကျေးလက်ကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။

### အရည်အသွေးပြည့်မီအောင် ဆောင်ရွက်

နိုင်ငံ၏ကျေးလက်စီးပွားရေးကို အထောက်အကူပြုနေသည့် လုပ်ငန်းများတွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် အဓိကအရေးကြီးကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်ပသို့ နွားများတင်ပို့လျက်ရှိသဖြင့် ပြည်တွင်းမှ လယ်ယာကဏ္ဍစိုက်ပျိုးရေးအတွက် အသုံးဝင်သည့် ခိုင်းနွားများ လျော့နည်းမသွားရန် လိုသကဲ့သို့ စက်မှုလယ်ယာကဏ္ဍကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပသို့နွားများတင်ပို့ရာတွင် ထုတ်ကုန်အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်လိုသကဲ့သို့ ဈေးနှုန်းများ ပြည့်ဝစွာရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံ၏ မွေးမြူရေးအဓိကထုတ်ကုန်များဖြစ်သည့် အမဲ၊ ဝက်၊ ကြက်နှင့် ရေထွက်ကုန်ပစ္စည်းများအား အဆင့်မြင့်မွေးမြူရေးထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ အလားတူ သဘာဝနွားနို့ ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် ရှိပြီးဖြစ်သော မြေနေရာနှင့် စားကျက်မြေတို့ကို အကျိုးရှိစွာအသုံးချ၍ နို့စားနွားများမွေးမြူနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း။

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

❐ **လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေးနှင့် ပတ်သက်၍ ရထားလမ်းနှင့် ကားလမ်းများ အဆင်ပြေချောမွေ့ ကောင်းမွန်စွာ သွားလာနိုင်ရန်လို၊ ရထားပို့ဆောင်ရေးသည် ပို့ဆောင်ရေးစနစ်၌ အကောင်းဆုံး ပို့ဆောင်ရေးစနစ်တွင်ပါဝင်၊ မိမိတို့နိုင်ငံရှိ ရထားလမ်းများ အဆင့်မြှင့်တင်ရန်အတွက် များစွာလိုအပ်နေသဖြင့် ရထားလမ်းများအား ဦးစားပေးဖြင့် ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားမည်**

❐ **ပညာတတ်များ ပေါ်များစေရေး ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို မလွဲမသွေ ဆောင်ရွက်ရမည်ဖြစ်၊ ယခုအခါ ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး CDM ဝန်ထမ်းများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ နှောင့်ယှက်မှုများကြောင့် ဆရာ၊ ဆရာမများအနေဖြင့်လည်း အခက်အခဲများကြားမှ တက်ရောက်သင်ကြားပေးလျက်ရှိ**

လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေးနှင့် ပတ်သက်၍ ရထားလမ်းနှင့် ကားလမ်းများ အဆင်ပြေချောမွေ့ ကောင်းမွန်စွာ သွားလာနိုင်ရန် လိုကြောင်း၊ ရထားပို့ဆောင်ရေးသည် ပို့ဆောင်ရေးစနစ်၌ အကောင်းဆုံး ပို့ဆောင်ရေးစနစ်တွင်ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံရှိ ရထားလမ်းများ အဆင့်မြှင့်တင်ရန်အတွက် များစွာလိုအပ်နေသဖြင့် ရထားလမ်းများအား ဦးစားပေးဖြင့် ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရထားလမ်းကောင်းမွန်ပါက နိုင်ငံ၏စီးပွားရေးအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကျေးလက်စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကသမဝါယမလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းများကို တစ်ဖက်မှ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း။

**ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိ**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ပညာတတ်များပေါ်များစေရေး ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို မလွဲမသွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအခါ ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး CDM ဝန်ထမ်းများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ နှောင့်ယှက်မှုများကြောင့် ဆရာ၊ ဆရာမများအနေဖြင့်လည်း အခက်အခဲများကြားမှ တက်ရောက်သင်ကြားပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ကို ပုံဖော်ပေးနိုင်မည့် ကျောင်းသား၊ ကျောင်းသူများ လူတစ်လုံး သူတစ်လုံးဖြင့် ပညာတတ်မြောက်ရေးအတွက် စာပေပညာများ သင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများကိုလည်း ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် စာပေသင်ကြားရာ၌ ကျောင်းသားနှင့် ဆရာ အချိုး မျှတအောင် ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့် ဆရာ၊ ဆရာမများ ခန့်အပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စာသင်ကျောင်းများအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ဆွေးနွေး အတည်ပြုချက်ရယူ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

**“လျှပ်စစ်မီတာခများနှင့်စပ်လျဉ်း၍ ငွေကျပ် ဘီလီယံများစွာရရှိရန် ကျန်ရှိနေသည့်အတွက် အပြည့်အဝရရှိရေး ကောက်ခံသွားရမည်ဖြစ်၊ အစိုးရသည် ရရှိသည့်အခွန်အခများပေါ်တွင် ရပ်တည်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်ရ၊ သို့ဖြစ်၍ အခွန်အခများ အပြည့်အဝရရှိရေး ဆောင်ရွက်သွားရန်လိုအပ်”**

**တရားမဝင် ဝင်ရောက်မှုများကို ဟန့်တား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခုအချိန်တွင် ဆောင်ရွက်ရမည့်ကိစ္စသည် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တရားမဝင် ဝင်ရောက်မှုများကို ထိထိရောက်ရောက် ဟန့်တားရန်လိုကြောင်း၊ ပြီးခဲ့သည့် လအနည်းအငယ်က တရားမဝင် မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များစွာ ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ လိုင်စင်မဲ့ယာဉ်များကြောင့် လုံခြုံရေးကျိုးပေါက်ခဲ့သည့် ဖြစ်စဉ်များ မကြာခဏဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း၊ အဆိုပါ ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ CCTV မှတ်တမ်းများတွင် နံပါတ်မပါသည့် မော်တော်ဆိုင်ကယ်များဖြစ်ပြီး နံပါတ်ပါရှိသည့် မော်တော်ဆိုင်ကယ် အချို့သည်လည်း နံပါတ်အတုများဖြစ်နေသည် ကိုတွေ့ရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ မော်တော်ဆိုင်ကယ် စီးနင်းခွင့်မပြုဘဲ စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပတွင်သာ စီးနင်းခွင့်ပြုထားကြောင်း။

**နံပါတ်ပြားအသစ် ပြောင်းလဲရမည်**

ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအပိုင်းနှင့် စပ်လျဉ်း၍ မော်တော်ယာဉ်လိုင်စင်နှင့် မော်တော်ဆိုင်ကယ်လိုင်စင်အတုများ ပြုလုပ်စီးနင်းနေသည်ကို တွေ့ရကြောင်း၊ ပြည်ပနိုင်ငံအချို့မှ မော်တော်ယာဉ်နံပါတ်ပြားများတွင် မော်တော်ယာဉ်အမျိုးအစား၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် မြို့နယ်အလိုက် အက္ခရာများ သတ်မှတ်ထားသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံတွင်လည်း ထိုသို့ဆောင်ရွက်ရန် စီစဉ်ခဲ့ကြောင်း၊ ထိုသို့စီစဉ်ဆောင်ရွက်ခြင်းဖြင့် တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များ ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်လိုင်စင်အသစ် လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပါက နံပါတ်ပြားအသစ် ပြောင်းလဲရမည်ဖြစ်ကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တရားမဝင် ဝင်ရောက်နေမှုကြောင့် တိုင်းပြည်အတွက် အခွန်ငွေများစွာနစ်နာပြီး တရားဥပဒေစိုးမိုးရေးကို ထိခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် တရားမဝင်တင်သွင်းမှုနှင့် တင်ပို့မှုများကို ထိထိရောက်ရောက် ဟန့်တားသွားရမည်ဖြစ်ကြောင်း။

**အခွန်အခများ အပြည့်အဝရရှိရေး**

တရားမဝင် လမ်းကြောင်းများမှ အခွန်ရှောင်ပြီး ပစ္စည်းများ တရားမဝင် တင်သွင်းနေမှုများကြောင့် အိမ်နီးချင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ရရှိသည့် အခွန်နှုန်းထားသည် များစွာလျော့နည်းနေသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင် တင်သွင်းမှုများကို အုပ်ချုပ်ရေးပိုင်းက ထိထိရောက်ရောက် တားဆီးသွားရန်လိုအပ်ပြီး ရသင့်ရထိုက်သည့် အခွန်အခများကို ရရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လျှပ်စစ်မီတာခများနှင့်စပ်လျဉ်း၍ ငွေကျပ် ဘီလီယံများစွာရရှိရန် ကျန်ရှိနေသည့်အတွက် အပြည့်အဝရရှိရေး ကောက်ခံသွားရမည်ဖြစ်ကြောင်း၊ အစိုးရသည် ရရှိသည့်အခွန်အခများပေါ်တွင် ရပ်တည်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်ရကြောင်း၊ သို့ဖြစ်၍ အခွန်အခများ အပြည့်အဝရရှိရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

**ငါးမျိုးများစိုက်ထည့်ပေးရန် လမ်းညွှန်ထား**

စားသောက်ကုန်နှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် တစ်သျှူးနည်းဖြင့် ဖီးကြမ်းနှင့် သီးမွှေးငှက်ပျောများ ထုတ်လုပ်လျက်ရှိကြောင်း၊ ငှက်ပျောသီးသည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်ပြီး အာဟာရပြည့်ဝစွာရရှိကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများတွင် စိုက်ပျိုးလိုပါကပျိုးပင်များကို သင့်လျော်သည့်နှုန်းထားဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ပါက တိုင်းပြည်အတွက် အကျိုးများစွာရရှိမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပြည်သူလူထု၏ စားရေရိက္ခာ ဖူလုံရေးနှင့် ဈေးနှုန်းသက်သက်သာသာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် သက်ဆိုင်ရာဌာနများအား မြစ်၊ ချောင်းများ၌ ငါးမျိုးများ စိုက်ထည့်ပေးရန် လမ်းညွှန်ထားကြောင်း။

နိုင်ငံတကာမှပေးအပ်ခဲ့သော အကူအညီများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံအတွက် အကျိုးရှိမည့်လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် ထိတွေ့ဆက်ဆံပြီး ဆက်လက်အကောင်အထည်ဖော်သွားရန် လိုအပ်ကြောင်း။

**အဆင်ပြေမည့်နည်းလမ်းများကို စဉ်းစား**

အခွန်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွက် အခွန်အခရရှိပြီး ပုဂ္ဂလိကကဏ္ဍများ ငွေကြေးလည်ပတ်နိုင်ရန်အတွက် ထိုက်သင့်သည့် အခွန်နှုန်းထားများလျှော့ချနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်းပြီး လျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ နောင်လာမည့် အောက်တိုဘာ ၁ ရက်မှ မတ် ၃၁ ရက်အထိ ဆောင်ရွက်ရမည့် ဘဏ္ဍာရေးကာလတွင် အခွန်နှုန်းထားကို ထပ်မံစဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခွန်နှုန်းထားများ ကောက်ခံရာတွင် နိုင်ငံတကာစံနှုန်းများနှင့် အခြားအကျိုးဆက်များကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ရကြောင်း၊ သို့သော်လည်း ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြည်သူများနှင့် နိုင်ငံတော်အစိုးရတို့ အဆင်ပြေမည့် နည်းလမ်းများကို စဉ်းစားဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဇွန် ၁၇**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများက COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများလုံခြုံရေးနှင့် ကျောင်းသား၊ ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၂၀ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

Coronavirus Disease 2019 (COVID–19)ကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)ပါဇယားကို အောက်ပါအတိုင်း အစားထိုးရမည်–

| စဉ် | ဝင်ငွေ(ကျပ်) | | ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| ၁ | ၁ | ၁၀၀,၀၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၁၀၀,၀၀၀,၀၀၁ | ၃၀၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၃၀၀,၀၀၀,၀၀၁ | ၁,၀၀၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁,၀၀၀,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်–

(ပုံ)မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၃၈ /၂၀၂၁

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

## ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပညာရေးဝန်ကြီးဌာနအား အောက်ပါဝန်ကြီးဌာနများအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

(၁) ပညာရေးဝန်ကြီးဌာန

(၂) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီးဌာန ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၄၀ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

## ပြည်ထောင်စုဝန်ကြီးဌာန ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအား ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၃၉ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာ မျိုးသိန်းကျော်အား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဝသန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇွန် ၁၇**

ဝသန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၃)ကို ဇွန် ၁၈ ရက်၊ သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် Triple “S” Music Band ၏တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် စောဂျွန်၊ ထက်အာကာကျော်၊ ရတု၊ ခိုင်သဒ္ဒါစိမ့်၊ ရွှန်းလဲ့ရည်အောင်၊ မြင့်မြတ်သူ၊ အိဝေဖူးချို၊ သွန်းအိန္ဒြေတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

**ထုတ်လွှင့်ပြသမည်**

အဆိုပါ တင်ဆက်မှုကို ဇွန် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တစ်ဖက်သတ်လုပ်ရပ်

## ကိုပေါက်

**ယနေ့ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်တွေအားလုံးကို လူတိုင်းမြင်တွေ့ကြားသိရမှာ မဟုတ်ပါဘူး။ ယနေ့ မြင်တွေ့ကြားသိနေရတဲ့ အကြောင်းအရာတွေအနက် ပြည်တွင်း / ပြည်ပမီဒီယာတွေ၊ တစ်ဖက်ပါတီဝင်တွေ၊ အဲဒီ ပါတီကြီးကို ထောက်ခံသူတွေ၊ အမှားအမှန် ဝေဖန်ခွဲခြားနိုင်စွမ်းမရှိသူတွေရဲ့ တစ်ဖက်သတ် ရွေးချယ်ဖော်ပြတဲ့ သတင်းတွေသာ များပါတယ်။**

တိုင်းပြည်မှာ ဆူပူဆန္ဒပြသူတွေ၊ ဆန့်ကျင်ပုန်ကန်တိုက်ခိုက် ဖျက်ဆီးကြသူတွေရဲ့ လှုပ်ရှားမှုသတင်းတွေ၊ အခါပေးသတင်းတွေ၊ လမ်းကြောင်းပြသတင်းတွေ၊ တွန်းအားပေးတဲ့ သတင်းတွေ၊ ဆန့်ကျင်သူတွေ စိတ်ဓာတ်ကြွအောင်၊ ပြည်တွင်း/ ပြည်ပက အထင်အမြင်လွဲမှားအောင် သွေးထိုးမြှောက်ပင့်ပေးတဲ့သတင်းတွေကိုသာ မြင်တွေ့ကြားသိကြရမှာ ဖြစ်ပါတယ်။


ဓာတ်ပုံ- မျိုးသစ္စာ

မြို့ရွာများအတွင်း တရားဥပဒေစိုးမိုးရေးဆောင်ရွက်ကြတဲ့ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေကိုတော့ ပြည်သူတွေ အထင်အမြင်လွဲမှားအောင် သတင်းမှား၊ သတင်းလိမ်၊ ပုံဖျက်ပုံဖော်နေကြတာပဲဖြစ်ပါတယ်။

### သူတို့အလိုကျဖော်ပြ

အပြစ်မဲ့ ပြည်သူတွေ ရက်ရက်စက်စက် သတ်ဖြတ်ခံရတာတွေနဲ့ ဆန့်ကျင်တိုက်ခိုက် သောင်းကျန်းဖျက်ဆီးသူတွေ သေဆုံးတဲ့သတင်းတွေကိုတော့ ဖော်ပြခြင်းမရှိပါဘူး။ ဆူပူအကြမ်းဖက်ဆန္ဒပြသူတွေကို ဖမ်းဆီးရင် စစ်အာဏာရှင် လုပ်ရပ်တွေဆိုပြီး သတင်းထုတ်ကြပါတယ်။ ဆူပူဆန့်ကျင်သူတစ်ယောက် သေဆုံးရင် အပြစ်မရှိတဲ့ ပြည်သူတစ်ယောက်ကို သတ်သယောင်၊ သူရဲကောင်းတစ်ယောက် ကျဆုံးသယောင် ဇာတ်နာအောင် လုပ်ကြံဖန်တီး ဖော်ပြကြပါတယ်။ မြန်မာပြည်ရဲ့ ကောင်းသတင်းတွေကို ဖော်ပြနိုင်ခြင်းမရှိဘဲ မကောင်းတဲ့ သတင်းတွေကိုသာတွင်တွင် ဖော်ပြနေကြပါတယ်။

### ခါးသီးတဲ့လုပ်ရပ်တွေ

မျက်မှောက်ကာလမှာ ဒီမိုကရေစီကို မြတ်နိုးပါတယ်ဆိုသူတွေ ပြောပြောနေကျဖြစ်တဲ့ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ မှန်ကန်တိကျခြင်းဆိုတာတွေဟာ လက်တွေ့ မဟုတ်တဲ့ ပါးစပ်စကားဖြစ်နေပါတယ်။ ယနေ့ကမ္ဘာမှာ "အပေါ်ယံက ပျားသကာ၊ အတွင်းစစ်တော့ ခါးတမာ" လို အမှန်တရားပါလို့ ဟစ်ကြွေးကြပြီး ခါးသီးတဲ့ လုပ်ရပ်တွေ လုပ်နေကြတာကို မြင်တွေ့နိုင်ပါတယ်။

**မီဒီယာကျင့်ဝတ်နဲ့ မလျော်ညီဘဲ မဟုတ်မမှန် လုပ်ကြံဖန်တီးထားတဲ့ သတင်းတွေ၊ ဘက်လိုက်ရေးသားထားတဲ့ သတင်းတွေကို ထုတ်လွှင့်နေကြတဲ့ သူတွေကတော့ တစ်ပါးနိုင်ငံက လူတွေ မဟုတ်ပါဘူး။ တစ်ပါးနိုင်ငံရဲ့ ဒေါ်လာငွေကိုယူပြီး မိမိနိုင်ငံပျက်စီးအောင် တစိုက်မတ်မတ် လုပ်နေကြသူတွေဟာ မြန်မာနိုင်ငံသားတွေပဲ ဖြစ်ပါတယ်။ ကိုယ်နိုင်ငံသားအချင်းချင်း ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်လူမျိုး ပျက်စီးအောင် လုပ်တာကို ကမ္ဘာပေါ်မှာ မြန်မာပဲလို့ ဂုဏ်ယူချင်ဟန်တူပါတယ်။**

### လူထုမျက်ရည်ချူ

**၁၉၈၈ ခုနှစ် တိုင်းဆူပြည်ပျက် ဖြစ်နေတဲ့အချိန်အခါတုန်းက ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ သတင်းဌာနတွေကပဲ တိုင်းပြည်ကြီး ပြိုလဲအောင်၊ ပျက်စီးအောင် ဘက်လိုက်သတင်းတွေပေး၊ လုပ်ကြံသတင်းတွေလွှင့်၊ အခါပေး၊ အချိန်းအချက် လုပ်ပေးခဲ့ကြတာကို မှတ်မိကြဦးမှာဖြစ်ပါတယ်။ အဲဒီတုန်းက လေလှိုင်းပေါ်ကအသံနဲ့ တိုင်းပြည် ပျက်အောင် လုပ်နိုင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်တုန်းက ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂန်းနက်စ်က မြန်မာပြည်မှာ လူထုအုံကြွမှုတွေဖြစ်လာဖို့ သတင်းတု (fake news) အပုဒ်ပေါင်း ၁၂၇၅ ပုဒ် အသံလွှင့်ခဲ့ပါတယ်။ ခရစ္စတိုဖာဂန်းနက်စ်ရဲ့ လုပ်ကြံသတင်းတွေကြောင့် ဆူပူသောင်းကျန်းမှုတွေ ပိုဖြစ်လာသလို မင်းကိုနိုင်နဲ့ အပေါင်းပါတို့က အင်းလျားကန်ပေါင်မှာ လုံထိန်းတွေက တက္ကသိုလ်ကျောင်းသူတွေကို မုဒိမ်းကျင့်တယ်လို့ ဘီဘီစီနဲ့ ပင်းပြီး လုပ်ကြံသတင်းတွေ ထုတ်လွှင့်ကာ လူထုမျက်ရည်ကိုချူခဲ့ပါတယ်။**

### လုပ်ဇာတ်တွေပေါ်

၂၀၂၁ ခုနှစ်မှာလည်း ပြည်ပသတင်းဌာနတွေရဲ့ ဘက်လိုက်တဲ့၊ တိုင်းပြည်ပျက်အောင် သွေးထိုးလှုံ့ဆော်ပေးနေတဲ့ သတင်းထုတ်လွှင့်မှုတွေဟာ ၁၉၈၈ ခုနှစ်ထက်တောင် ဆိုးနေတယ်လို့ ထင်ရပါတယ်။ ၁၉၈၈ ခုနှစ်က ဘီဘီစီပုံစံမျိုး၊ ၂၀၂၁ ခုနှစ်မှာ ဒီဗွီဘီက မြန်မာပြည်တစ်ဝန်းမှာ တိုက်ပွဲတွေဖြစ်နေသယောင် ပုံတုတွေ၊ သရုပ်ပြပုံတွေနဲ့ သတင်းတုတွေ ဖန်တီးနေကြပါတယ်။ ချင်းပြည်နယ်နဲ့ ကယားပြည်နယ်က ဖြစ်စဉ်တွေမှာ လုပ်ကြံသတင်းတွေထည့်ပြီး ပြည်သူတွေ ထင်ယောင်ထင်မှားဖြစ်အောင် မမှန်မကန် ဖန်တီးခဲ့ကြပါတယ်။ စစ်ဘေးရှောင်ဒုက္ခသည် အတုတွေကို ဓာတ်ပုံဆက်တင်လုပ်ကြပါတယ်။ သတင်းတုတွေရိုက်ကူးပြီး အွန်လိုင်းပေါ်မှာ အဆက်မပြတ် တင်ခဲ့ကြပါတယ်။ မြန်မာပြည် မြောက်ဖျားက သတင်းတွေ အများစုဟာ ဒီဗွီဘီသတင်းဌာနရဲ့ လုပ်ဇာတ်တွေ ဖြစ်တယ်ဆိုတာ ပေါ်ပေါက်လာပါတယ်။

မြန်မာနိုင်ငံအကြောင်းကို နေ့စဉ်ထုတ်လွှင့်နေတဲ့ ပြည်ပအခြေစိုက် မီဒီယာတွေဟာ စစ်အုပ်ချုပ်ရေးကို မထောက်ခံလို့ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းလုပ်နေတယ် မထင်လိုက်ပါနဲ့။ သူတို့ကို ထောက်ပံ့ထားတဲ့ အနောက်မူဝါဒနဲ့ မကိုက်ညီရင် ဘယ်အစိုးရတက်တက် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို အကြောင်းပြပြီးတော့ တစ်ဖက်သတ်လုပ်နေမှာပါပဲ။ ယခုအခါ တစ်ဖက်သတ်လုပ်ကြတာ အနောက်မီဒီယာတစ်မျိုးတည်း မဟုတ်ပါဘူး။ သူ့ရဲ့မျိုးဆက်သစ် ဆိုရှယ်မီဒီယာလည်း ပါလာပါတယ်။

ဖေ့စ်ဘွတ်ရဲ့ ကမ္ဘာလုံးဆိုင်ရာ ဒုတိယဥက္ကဋ္ဌ နစ်ကလပ်က "အများပြည်သူတွေအတွက် ဆိုးရွားတဲ့အန္တရာယ်ရှိမယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့မယ်ဆိုရင် ဖေ့စ်ဘွတ်ကို ပိတ်ထားမှာဖြစ်ပါတယ်။ ပိတ်ထားတဲ့ကာလကို သက်တမ်းထပ်တိုးသွားပြီး အန္တရာယ်မေးမှိန်သွားတဲ့အချိန်အထိ ကျွန်တော်တို့ အကဲဖြတ်ချင့်တွက်သွားမှာပါ"လို့ ပြောခဲ့ပါတယ်။

### အကြမ်းဖက်လှုံ့ဆော်

**ဖေ့စ်ဘွတ်ရဲ့ လူမှုကွန်ရက် စံချိန်စံညွှန်းတွေဟာ လေးစားလောက်စရာလို့ မြင်မိကြမှာပါပဲ။ ဖေ့စ်ဘွတ်ရဲ့ စံချိန်စံညွှန်းတွေဟာ နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်း တွေကိုကြည့်ပြီး လူထုအကျိုးစီးပွားနဲ့ အန္တရာယ်ဖြစ်နိုင်တာတွေကို ချိန်ဆပြီး လုပ်ဆောင်တယ်လို့ ဆိုထားတယ်။ စစ်မှန်မှု၊ ဘေးကင်းလုံခြုံမှု၊ ကိုယ်ရေးလုံခြုံမှု၊ လူ့ဂုဏ်သိက္ခာတွေက ဖေ့စ်ဘွတ်ရဲ့ စံနှုန်းတွေ ဖြစ်တယ်လို့ ဆိုတယ်။ ဒါပေမယ့်လည်း သူ့အခြေစိုက်ရာနိုင်ငံရဲ့ အကျိုးစီးပွားနဲ့ယှဉ်ရင် ဖေ့စ်ဘွတ်ဟာ အနောက်နိုင်ငံအခြေစိုက် မီဒီယာတွေလိုပဲ တစ်ဖက်သတ်ဘက်လိုက်တာပါပဲ။**

လူမှုကွန်ရက်တွေပေါ်က ဂျင်းနဲ့ သတင်းကို ခွဲခြားတတ်ဖို့ လိုလာပါပြီ။ ဖေ့စ်ဘွတ်မှာ ဂျင်းလား၊ သတင်းလား မခွဲခြားနိုင်တဲ့ ပို့စ်တွေကို တွေ့နေရပါတယ်။ ဖေ့စ်ဘွတ်ဟာ ဖြစ်စေလိုတဲ့ ဂျင်းတွေကို ခွင့်ပြုပေးထားပါတယ်။ အကြမ်းဖက်လှုံ့ဆော်တာတွေကို အားမပေးရဘူးဆိုပေမယ့် မြန်မာနိုင်ငံနဲ့ ပတ်သက်ရင် အကြမ်းဖက်တာတွေ၊ သတင်းတု၊ သတင်းမှားတွေကို အားပေးနေတာ မြင်တွေ့နေရပါတယ်။

### ဒေါ်လာစား မြန်မာ

ဒီနေ့ ဒီအချိန်မှာတော့ သတင်းတု၊ သတင်းမှားတွေ၊ အကြမ်းဖက်မှု လှုံ့ဆော်တာတွေ အတော်လေးကျယ်ပြန့်လာနေပါပြီ။ ဒီသတင်းတွေနဲ့ ပတ်သက်ပြီး ပြန်လည်တုံ့ပြန်ပို့စ်တွေ၊ အမှန်တရားကို

*စာမျက်နှာ ၇ သို့*

**● ၁၉၈၈ ခုနှစ် တိုင်းဆူပြည်ပျက် ဖြစ်နေတဲ့အချိန်အခါတုန်းက ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ သတင်းဌာနတွေကပဲ တိုင်းပြည်ကြီး ပြိုလဲအောင်၊ ပျက်စီးအောင် ဘက်လိုက်သတင်းတွေပေး၊ လုပ်ကြံသတင်းတွေလွှင့်၊ အခါပေး၊ အချိန်းအချက် လုပ်ပေးခဲ့ကြတာကို မှတ်မိကြဦးမှာဖြစ်ပါတယ်။ အဲဒီတုန်းက လေလှိုင်းပေါ်ကအသံနဲ့ တိုင်းပြည်ပျက်အောင် လုပ်နိုင်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်တုန်းက ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂန်းနက်စ်က မြန်မာပြည်မှာလူထုအုံကြွမှုတွေ ဖြစ်လာဖို့ သတင်းတု (fake news) အပုဒ်ပေါင်း ၁၂၇၅ ပုဒ် အသံလွှင့်ခဲ့ပါတယ်။ ခရစ္စတိုဖာဂန်းနက်စ်ရဲ့ လုပ်ကြံသတင်းတွေကြောင့် ဆူပူသောင်းကျန်းမှုတွေ ပိုဖြစ်လာသလို မင်းကိုနိုင်နဲ့ အပေါင်းပါတို့က အင်းလျားကန်ပေါင်မှာ လုံထိန်းတွေက တက္ကသိုလ်ကျောင်းသူတွေကို မုဒိမ်းကျင့်တယ်လို့ ဘီဘီစီနဲ့ပင်းပြီး လုပ်ကြံသတင်းတွေထုတ်လွှင့်ကာ လူထုမျက်ရည်ကို ချူခဲ့ပါတယ်**


ဓာတ်ပုံ- မျိုးသစ္စာ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၇**

ရောဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ တွေ့ဆုံပွဲကို ယနေ့ညနေပိုင်းတွင် ပုသိမ်မြို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဘာသာရေးဆိုင်ရာများ ဆွေးနွေးပြောကြားပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

ပြန်လည်ထုတ်ဖော်တဲ့ ပို့စ်တွေကို ပိတ်ပင်တာ၊ ဖြုတ်တောက်တာတွေ တွင်တွင်လုပ်နေပါပြီ။ မြန်မာလိုတင်နေတဲ့ မှန်တဲ့၊ မမှန်တဲ့ပို့စ်တွေကို နစ်ကလပ်တို့၊ ဇူကာဘတ်တို့ နားမလည်ကြပါဘူး။ မြန်မာလိုနားလည်တဲ့ ဒေါ်လာစား မြန်မာတွေကပဲ စီစဉ်လုပ်ကိုင်နေကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှကို ထိန်းချုပ်စီမံခန့်ခွဲတဲ့ရုံးခွဲကို စင်ကာပူမှာ ဖွင့်လှစ်ထားပါတယ်။ မြန်မာနိုင်ငံရဲ့ ဖေ့စ်ဘွတ်ကို အဓိကကိုင်တွယ်သူက Rebecca ဆိုတဲ့ အမျိုးသမီးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေရဲ့ အဓိကတာဝန်ရှိသူလို့ ဆိုနိုင်ပါတယ်။

### ဖြုတ်ချဖို့ဝန်မလေး

ဖေဖော်ဝါရီလ နောက်ပိုင်း ဆူပူအုံကြွမှုတွေမှာ ဖေ့စ်ဘွတ်ကို အသုံးချခဲ့ပါတယ်။ ဒလန်၊ သူလျှိုဆိုပြီး မဟုတ်မမှန်စွပ်စွဲမှုတွေကို ဖေ့စ်ဘွတ်က ပြောင်ပြောင်တင်းတင်းဖော်ပြပြီး အချို့ရက်ရက်စက်စက် အသတ်ခံရပါတယ်။ ယခုနောက်ပိုင်း ခြိမ်းခြောက်တာ၊ ဖောက်ခွဲဖျက်ဆီး၊ သတ်ဖြတ်မှုတွေ ပြုလုပ်လာတာတွေကို ဖေ့စ်ဘွတ်က ခွင့်ပြုထားတယ်လို့ ပြောနိုင်ပါတယ်။ သတင်းတု၊ သတင်းမှားတွေကို NLD၊ NUG၊ ပြည်ပအခြေစိုက် မီဒီယာတွေက ဘယ်လိုပဲတင်တင် ခွင့်ပြုပေးထားပေမယ့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က တင်တဲ့ ခိုင်မာတဲ့သတင်းအရင်းအမြစ်တွေကိုတော့ ဖြုတ်ချပိတ်ဆို့ဖို့ဝန်မလေးခဲ့ပါဘူး။



ဓာတ်ပုံ- မျိုးသစ္စာ

မကြာသေးမီက ကယားပြည်နယ် မိုးဖြဲရဲစခန်းကို အကြမ်းဖက်သောင်းကျန်းသူတွေ ဝင်ရောက်စီးနင်းမယ့် အချိန်မတိုင်ခင်ကလည်း ဖေ့စ်ဘွတ်ကနေ ကြိုတင်စိန်ခေါ် ဖြန့်ဝေခဲ့တာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ မေလ ၂၇ ရက်က ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပုသိမ်မြို့ဆိုပြီး အကြမ်းဖက်လုပ်ငန်းတွေကို ထုတ်ပြန်လာပါတယ်။ အကြမ်းဖက်အဖွဲ့တစ်ခုရဲ့ အကြမ်းဖက်လှုံ့ဆော်စာမှန်း သိပါလျက်နဲ့ ဖေ့စ်ဘွတ်က ခွင့်ပြုပေးခဲ့ပါတယ်။ အခြားအကြမ်းဖက် အဖွဲ့တွေရဲ့ လှုံ့ဆော်စာတွေကို နေ့စဉ်လိုလိုတွေ့နေရပါတယ်။ ဒါတွေဟာ ပြည်သူလူထုတစ်ရပ်လုံး ဒုက္ခဆင်းရဲရောက်စေမယ့် တိုင်းဆူပြည်ဖျက် အကြမ်းဖက်လုပ်ရပ်တွေမှန်း သိပါလျက်နဲ့ မရိုးဖြောင့်တဲ့သဘောနဲ့ အားပေးလှုံ့ဆော်ပေးနေတဲ့ ပြည်ပလက်ဝေခံ မြန်မာနိုင်ငံသား ပုဆိန်ရိုးတွေရဲ့ တစ်ဖက်သတ်လုပ်ရပ်တွေလို့ ဆိုချင်ပါတယ်။ ။

❑ **ဖေဖော်ဝါရီလနောက်ပိုင်း ဆူပူအုံကြွမှုတွေမှာ ဖေ့စ်ဘွတ်ကို အသုံးချခဲ့ပါတယ်။ ဒလန်၊ သူလျှိုဆိုပြီး မဟုတ်မမှန်စွပ်စွဲမှုတွေကို ဖေ့စ်ဘွတ်က ပြောင်ပြောင်တင်းတင်းဖော်ပြပြီး အချို့ရက်ရက်စက်စက် အသတ်ခံရပါတယ်။ ယခုနောက်ပိုင်း ခြိမ်းခြောက်တာ၊ ဖောက်ခွဲဖျက်ဆီး၊ သတ်ဖြတ်မှုတွေ ပြုလုပ်လာတာတွေကို ဖေ့စ်ဘွတ်က ခွင့်ပြုထားတယ်လို့ ပြောနိုင်ပါတယ်။ သတင်းတု၊ သတင်းမှားတွေကို NLD၊ NUG၊ ပြည်ပအခြေစိုက် မီဒီယာတွေက ဘယ်လိုပဲတင်တင် ခွင့်ပြုပေးထားပေမယ့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ကတင်တဲ့ ခိုင်မာတဲ့ သတင်းအရင်းအမြစ်တွေကိုတော့ ဖြုတ်ချပိတ်ဆို့ဖို့ ဝန်မလေးခဲ့ပါဘူး**

# နေပြည်တော်တွင် ပညာရေးဝန်ကြီးဌာန၏ အသုံးချဘာသာရပ်ပေါင်းစုံ သင်ယူလေ့လာနိုင်သောတက္ကသိုလ် တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၇

**ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ပညာရေးဝန်ကြီးဌာန၏ အသုံးချဘာသာရပ်ပေါင်းစုံ သင်ယူလေ့လာနိုင်သော တက္ကသိုလ် တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေး ခန်းမ၌ ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စတင်တည်ဆောက်သွားမည်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်ကို အဆင့်မြင့် ပညာရေးမြို့တော်ဖြစ်အောင် တည်ဆောက်မည်ဖြစ်ရာ ပညာရေးဝန်ကြီးဌာန အနေဖြင့် အသုံးချဘာသာရပ်ပေါင်းစုံ သင်ယူလေ့လာနိုင်သော တက္ကသိုလ် (Comprehensive University) စတင်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဆင့်မီ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် သုတေသန အဆောက်အအုံများ၊ စာကြည့်တိုက်၊ စာဖတ်ခန်းမ၊ အပန်းဖြေရိပ်သာ၊ အားကစားခန်းမ၊ ဆွေးနွေးပွဲခန်းမနှင့် လှပသော မြေယာရှုခင်းများ ပါဝင်မည်ဖြစ်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာဒီပလိုမာ သင်တန်းများမှသည် ဘွဲ့လွန်သင်တန်းများအထိလည်းကောင်း၊ အသုံးချသုတေသနမှသည် နိုင်ငံတကာဈေးကွက်ဝင် ထုတ်လုပ်မှုအထိ အခြေခံကွန်ပျူတာ စနစ်မှသည် မှတ်ဉာဏ်တု၊ Robotics နှင့် နောက်ဆုံးပေါ် အိုင်စီတီဆန်းသစ်တီထွင်မှုများအထိလည်းကောင်း ဦးတည်သင်ကြား လေ့ကျင့်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ဝိုင်းဝန်းဖြည့်စွက် အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က Power Point ဖြင့် ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် အစည်းအဝေး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး သင်တန်းဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇွန် ၁၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နေသော အရှေ့တောင်အာရှ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီတို့ ပူးပေါင်းဖွင့်လှစ်သည့် Pipeline Regulation and Working Introduction သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။



အခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်၊ ဦးစီးဌာန/လုပ်ငန်းများမှဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။ (ဝဲပုံ)

**သင်ကြားခွင့်ရရှိ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းကို တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ လုပ်ငန်းခွင် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့်အတူ ပိုက်လိုင်း တည်ဆောက်ရေးဆိုင်ရာ နည်းပညာများ၊ ပိုက်လိုင်းစောင့်ကြည့်မှု နည်းစနစ်များ၊ ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် လုံခြုံရေးဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှု ပညာရပ်များကို သိရှိနားလည်စေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါကြောင်း၊ သင်တန်းသားသင်တန်းသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းခွင်ဆောင်ရွက်မှုများနှင့်နှိုင်းယှဉ်၍ စာတွေ့၊ လက်တွေ့ လေ့လာသိရှိ သင်ကြားခွင့်ရရှိမည် ဖြစ်ပါကြောင်း ပြောကြားပြီး သင်တန်းခန်းမဆောင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**စာတွေ့/လက်တွေ့ သင်ကြားပို့ချ**

အဆိုပါ Pipeline Regulation and Working Introduction သင်တန်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနံမြေနှင့် ဌာနအသီးသီးမှ သင်တန်းသား ၃၀ ကို SCADA System ၊ Basic & Operation System ၊ Pipeline Cathodic Protection Technology စသည့် ဘာသာရပ်များကို စာတွေ့/လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

**ဘူးသီးတောင် ဇွန် ၁၇**

ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆည်တာပေါင်မြှင့်တင်ခြင်းနှင့် ကျေးလက်အိမ်ရာ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် အင်းဖောက်ကျေးရွာတွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၂၆ ဒသမ ၁၂၉ သန်းဖြင့် ဆည်တာပေါင်မြှင့်တင်ခြင်း အမြင့် ၈ ပေ၊ ပတ်လည်အရှည်ပေ ၂၀၀ နှင့် ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၈၈ ဒသမ ၈၀ သန်းဖြင့် ကျေးလက်အိမ်ရာ အိမ် ၁၀ လုံးတည်ဆောက်ခြင်း ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့်အဖွဲ့က ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေရေးဆွဲခြင်းနှင့် ဥပဒေ(မူကြမ်း) စိစစ်အကြံပြုခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် ၁/၂၀၂၂ ဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေရေးဆွဲခြင်းနှင့် ဥပဒေ (မူကြမ်း) စိစစ်အကြံပြုခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် ၁/၂၀၂၂ ဆင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။





**အစဉ်တစိုက်ကြိုးပမ်း**

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် မိမိရုံး၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄)တွင် စီမံကိန်းရည်မှန်းချက်များ ချမှတ်ပြီး ဥပဒေအရာရှိများ အရည်အသွေးမြင့်မားစေရန်နှင့် မိမိရုံးနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိသော ဥပဒေရေးရာ လုပ်ငန်းများတွင် ထိရောက်စွာ ဥပဒေအကြံဉာဏ်ပေးနိုင်ရန် အကောင်အထည် ဖော်ဆောင်ရွက်သည့်အနေဖြင့် အရည်အသွေးပြည့်မီသော ဥပဒေပညာရှင်များ မွေးထုတ်ပေးရန် အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းကို တက်ရောက်ခဲ့ကြသည့် ဥပဒေအရာရှိများအနေဖြင့် ဥပဒေတစ်ရပ်ကို ချဉ်းကပ်လေ့လာရာတွင် ဥပဒေမူကြမ်းရေးဆွဲသူ (Draftsman) တစ်ဦး၏ ရှုထောင့်အမြင်ဖြင့် ပိုင်းခြားရှုမြင်ပြီး ဥပဒေတစ်ရပ်၏ အနှစ်သာရ ပြည့်စုံမှု၊ ရှေ့နောက်ညီညွတ်မှု၊ အစီအစဉ်ကျနပြေပြစ်မှု၊ အရေးအသားရှင်းလင်း ကျစ်လျစ်မှု၊ လက်တွေ့အကောင်အထည်ဖော်နိုင်မှုတို့ကို သတိပြုစိစစ်တတ်သည့် အလေ့အကျင့်ကောင်းများကို ဤသင်တန်းမှ ရရှိသွားမည်ဟု ယုံကြည်ပါကြောင်း၊ ဤသင်တန်းကရရှိသည့် အသိပညာ ဗဟုသုတများကို အခြေခံပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံတော်အတွက် အားထားရသည့် ဥပဒေပညာရှင်များဖြစ်အောင် ဥပဒေမူကြမ်းရေးဆွဲခြင်း ပညာရပ်များကိုစဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားမြှင့်တင်ရေးဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၇**
ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားဖွံ့ဖြိုးရေးနှင့် အသိပညာ ဖြန့်ဝေရေး (Knowledge Sharing Program-KSP) အစီအစဉ်အရ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး (နေပြည်တော်)၊ စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေး စည်းမျဉ်းများနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာ ကံဇော်က ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် ဘဏ္ဍာရေး စာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းနှင့် လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၏ လုပ်ငန်းတာဝန်များတွင်လည်း လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း ပါဝင်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းသည် အစိုးရဌာန/ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များသည် စီးပွားရေးတွက်ခြေကိုက်မှု/ ခြိုးခြံချွေတာမှု၊ စွမ်းဆောင်ရည် ပြည့်ဝမှု၊ ထိရောက်အောင်မြင်မှု ရှိမရှိ တို့ကို စစ်ဆေးခြင်း ဖြစ်သဖြင့် အရေးကြီးကြောင်း၊ ယခုအခါ အများ လက်ခံကျင့်သုံးနေသည့် စာရင်းစံများနှင့်အညီ စစ်ဆေးခြင်းမှ နိုင်ငံတကာ စာရင်းစစ်ချုပ်ရုံးများ လိုက်နာကျင့်သုံးရမည့် နိုင်ငံတကာစံများကို ပြောင်းလဲအသုံးပြုနေပြီ ဖြစ်ကြောင်း၊ ယနေ့ ဆွေးနွေးမည့် လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးရေးဆိုင်ရာ ဆွေးနွေးချက်များကို သေချာစွာ လေ့လာမှတ်သားပြီး လုပ်ငန်းခွင်တွင် ပြန်လည် အသုံးချနိုင်အောင် ကြိုးစားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးရေးဌာနခွဲ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မြဇင်နှင့် စစ်ဆေးရေးဌာနခွဲ-၃ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ခင်လေးနွယ် တို့က လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

တင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများက အကြံပြုဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက အကြံပြုခြင်း၊ ဆွေးနွေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံပူးတွဲညှိနှိုင်းမှု အစည်းအဝေး ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပ

**နေပြည်တော် ဇွန် ၁၇**
အာဆီယံပူးတွဲညှိနှိုင်းမှု အစည်းအဝေး (Joint Consultative Meeting) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးသည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ဆွေးနွေးသည်။

အစည်းအဝေး၌ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Her Excellency Emaleen ABD Rahman Teo က အစည်းအဝေး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ အာဆီယံ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမှ အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ၂၀၂၁ ခုနှစ်၊ အာဆီယံ၏ ဦးစားပေးလုပ်ငန်းစဉ်များဖြစ်သည့် ၂၀၂၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်နှင့် အာဆီယံ အသိုက်အဝန်း အခြေပြမြေပုံ ၂၀၂၅ ကာလလယ် သုံးသပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကူးစက်ရောဂါ တုံ့ပြန်တိုက်ဖျက်ရေးအတွက်အာဆီယံ၏ ဦးစားပေးလုပ်ငန်းစဉ်များကိစ္စ၊ ကဏ္ဍအလိုက် မဏ္ဍိုင်အလိုက် ညှိနှိုင်းဆောင်ရွက်ရေးနှင့် အကောင်အထည်ဖော်ရေးကိစ္စ၊ အာဆီယံ ပေါင်းစည်းဆက်သွယ်မှု ဆိုင်ရာကိစ္စ၊ အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် ၂၀၂၅ နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကုလသမဂ္ဂ ၂၀၃၀ အစီအစဉ်တို့အကြား ပေါင်းစပ်ညှိနှိုင်းမှု မြှင့်တင်ရေးဆိုင်ရာကိစ္စနှင့် ဒေသခွဲပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်တို့သည် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


○ *ကျောဖုံးမှ*

ထို့အပြင် မြို့နယ်အတွင်း၌ စပါးစိုက်ဧကတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဆည်ရေကို အကျိုးရှိစွာ အသုံးချဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို တိုးတက်သုံးစွဲလာနိုင်စေရန် ပေါင်းစပ်ကူညီပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ တောင်သူများအား စိုက်ပျိုးနည်းစနစ်များ၊ မြေဆီလွှာထိန်းသိမ်းနည်းပညာများ ဟောပြောခြင်း၊ ပိုးမွှားရောဂါကျရောက်ပျက်စီးမှုမရှိစေရန် အပင်ဖြစ်ထွန်းချိန်အလိုက် ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ နည်းပညာများဟောပြောခြင်း စသည့် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲများကိုလည်း ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကာ သီးနှံမျိုးထုတ်ကွက်များကို တောင်သူတစ်ဦးချင်း တစ်ပိုင်တစ်နိုင်စိုက် စိုက်ပျိုးသည့်ပုံစံမှ အစုအဖွဲ့ပုံစံဖွဲ့စည်းပေးနိုင်ရေး၊ သမအသင်းအစုအဖွဲ့ပုံစံဖြင့် ဖွဲ့စည်းပေးပြီး လိုအပ်သည့် နည်းပညာများ ပံ့ပိုးပေးခြင်းတို့ဖြင့်လည်း တောင်သူများ ဝင်ငွေတိုးတက်လာရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ကန့်ဘလူမြို့နယ်တွင် နည်းပညာပြန့်ပွားရေးစင်တာများဖြစ်သော ကန့်ဘလူမြို့မ၊ ဇီးကုန်း၊ ကာဘိုး၊ သရက်ခေါင်း၊ ထန်းကုန်း၊ တည်ပင်၊ ချပ်သင်း၊ ကိုးထောင်ဘို့နှင့် မလယ်စင်တာများတွင် ကွင်းပညာရှင်များက ဝန်ဆောင်မှုပေးလျက်ရှိပြီး နည်းပညာများ ရယူဆောင်ရွက်နိုင်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




# (၈၈) ကြိမ်မြောက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာ အထွေထွေညီလာခံတွင် The Asia, Far East and Oceania Region ဇုန်ရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား ရွေးချယ်တင်မြှောက်

**နေပြည်တော် ဇွန် ၁၇**
ပြင်သစ်နိုင်ငံ ပါရီမြို့အခြေစိုက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) ၏ (၈၈) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အထွေထွေညီလာခံကို မေ ၂၄ ရက်မှ ၂၈ ရက်အထိ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

ညီလာခံတွင် ကမ္ဘာ့အဝန်း တိရစ္ဆာန်ရောဂါ ဖြစ်ပွားမှုဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေခြင်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် သက်သာချောင်ချိရေး၊ တိရစ္ဆာန်ဆေးကု ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးမြှင့်တင်နိုင်ရေး၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ ချမှတ်ပေးသည့် စည်းမျဉ်းစည်းကမ်းများအား သုံးသပ်ဆွေးနွေးအတည်ပြုခြင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ (၇) ကြိမ်မြောက် မဟာဗျူဟာစီမံချက် (OIE-7th Strategic Plan 2021-2025) ကို အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ ညီလာခံသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း တက်ရောက်ခဲ့သည်။

ညီလာခံတွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ရာထူးနေရာ၊ ကောင်စီအဖွဲ့ဝင်ရာထူးနေရာများ၊ ပညာရပ်ဆိုင်ရာ ကော်မရှင်(၄) ခုနှင့် ဒေသဆိုင်ရာ ကော်မရှင် (၅) ခုတို့၏ ဇုန်ရုံးအဖွဲ့ဝင်ရာထူးနေရာများကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ခဲ့ကြရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းကို The Asia, Far East and Oceania Region ဆိုင်ရာ ဇုန်ရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

အဆိုပါ The Asia, Far East and Oceania Region ဆိုင်ရာ ဇုန်ရုံးအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ သုံးနှစ်တာကာလ သက်တမ်းအတွင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့မှ ချမှတ်ထားသော တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများမှ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း ပညာရှင်များ၏ အခန်းကဏ္ဍကိုမြှင့်တင်ရေး၊ အခြားသောဒေသများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးတို့အတွက် တိုကျိုမြို့နှင့် ဘန်ကောက်မြို့တွင် အခြေစိုက်သော ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ရုံးခွဲများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဇွန် ၁၇**
နေပြည်တော်၊ ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေမည်။ **မိုး/ဇလ**

# ဆီဆိုး

**ဆရာမဲဇာ**

ဗဟိုကျန်းမာရေးပညာဌာနအမည်ဖြင့် ဌာနကို စတင်ထူထောင်လာခဲ့သည်မှာ နှစ်ပေါင်းခုနစ်ဆယ် ကျော်ခဲ့ပေပြီ။ လူထုကို ကျန်းမာရေးအသိပညာ ဖြန့်ဝေနိုင်ဖို့ ဆရာသမားစဉ်ဆက် အမွေခံကြိုးစား ခဲ့သည်ဖြစ်၍ တိုင်းပြည်တာဝန်လစ်ဟင်းမှုမရှိခဲ့ပါ။ "ဟောပြော၊ ရေးသား၊ ပြသ၊ ပြိုင်ဆိုင်" ဟူသော ရေးနည်းဗျူဟာများကိုလည်း ယနေ့ထက်တိုင် ကျင့်သုံးလျက် ခေတ်မီနည်းစနစ်များကို ဆင့်ကာ "လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်" ခဲ့ကြလေ သည်။

### တိမ်မြုပ်ပျောက်ကွယ်လု

ရှေးဟောင်းက ကျန်းမာရေးဟုဆိုလျှင် ရောဂါတွေအကြောင်း၊ ရောဂါကာကွယ်နည်းတွေ၊ ကုသနည်းတွေအကြောင်းကိုသာ ခေါင်းထဲမှာ ရှိကြပါသည်။ ထို့ထက်ပို၍ ရှေးကျသော ရှေးမြန်မာကြီး တို့၏ ကျန်းမာအောင် နေထိုင်နည်းများသည် လည်း တဖြည်းဖြည်း တိမ်မြုပ်ပျောက်ကွယ်လုရှိခဲ့ ပါသည်။

"အသွားမတော်တစ်လှမ်း၊ အစားမတော် တစ်လုတ်"ဟု ဆုံးမသတိပေးသည့်ကိုလည်း အလေး အနက် မထားမိတော့ချေ။ တစ်နည်း ပြန်တွေးကြည့် လျှင် ခြေလှမ်းများက ပေးလာမည့် ကျန်းမာရေး၊ မျှတသော အာဟာရများကပေးလာမည့် ကျန်းမာ ရေးများကို ပေါ့ပေါ့တန်တန် သဘောထားလာကြ သဖြင့် မကျန်းမာသော လူ့အဖွဲ့အစည်းဝင်တွေ ထူထပ်များပြားလာခဲ့၏။

ပလိုင်းပေါက်နှင့် ဖားကောက်သလို မကျန်းမာ သော ခန္ဓာကိုယ်ထဲသို့ ဝင်လာသမျှ အာဟာရတို့ သည် အသက်ရှည်စွာ၊ အနာမဲ့ရေးအတွက် အားမပေးနိုင်တော့သဖြင့် နှစ်ဆယ်ရာစု နှောင်းပိုင်း မှစ၍ ကမ္ဘာပေါ်တွင် "ကျန်းမာမှုမြှင့်တင်ရေး"ကို ရှေ့တန်းတင်လာခဲ့ပေသည်။

ခက်ခဲနေသည်က ထိုထိုသော "ကျန်းမာမှု မြှင့်တင်ရေး" နည်းပညာများသည် ကိုယ့်ကိုယ် ကိုယ်သာ အားကိုးရာဖြစ်ကြောင်း အခြေခံထားသည် ဖြစ်၍ ဆေးအားကိုး၊ ဆရာအားကိုးရင်း လူဖြစ်ရှုံးနေ ကြရသူများမှာ မှီခိုရာပျောက်သွား၏။ "ကျန်းမာ သမှု၊ နေ့စဉ်ပြု လူတိုင်းရမည့်ဆု" ဖြစ်သော "အရောဂျံ၊ ပရမံ၊ လာဘံ"တည်းဟူသော အခြေခံ ပဓာနကျသော ကျန်းမာရေးဆုလာဘ်ကြီးနှင့် ဝေး၍ ဝေး၍ သွားလေတော့သည်။

အမှန်အားဖြင့် ကျန်းမာမှုမြှင့်တင်ရေးအတွက် လုပ်ဆောင်စရာထူးထွေများပြားမှုမရှိ၊ ရှင်းလင်း လွယ်ကူလှပါသည်။ လိုရင်းတိုရှင်း မှတ်သားရန် အတွက် "လျှော့သုံးလျှော့၊ ဖြတ်သုံးဖြတ်၊ ဆောင်သုံးဆောင်" ကို လိုက်နာလိုက်လျှင် ကျန်းမာ ရေးတည်းဟူသော ဆုကြီးကို ဆွတ်ခူးနိုင်ပေသည်။

**လျှော့သုံးလျှော့**

ဆီလျှော့စားပါ။

အငန်လျှော့စားပါ။

အချိုမှုန့်ကဲ့သို့ သဘာဝမဟုတ်သောအရာ များကို လျှော့စားပါ။

**ဖြတ်သုံးဖြတ်**

ဆေးရွက်ကြီးအခြေခံ ဆေးလိပ်၊ စီးကရက်၊ ကွမ်းယာ ဖြတ်ပါ။

အရက်ဖြတ်ပါ။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော အရာများကိုဖြတ်ပါ။

**ဆောင်သုံးဆောင်**

မျှတသော အာဟာရကို သုံးဆောင်ပါ။

နေ့စဉ်ကိုယ်လက်လှုပ်ရှား အားကစားမှုကို လုပ်ဆောင်ပါ။

သတိကိုဖြစ်စေမည့် စိတ်၏ ကျင့်စဉ်များကို ဆောင်ရွက်ပါ။

စုပေါင်းလိုက်လျှင် အချက်ကိုးချက်သာရှိပြီး လူတိုင်းလိုက်မလုပ်နိုင်စရာ မရှိပါ။ သို့ရာတွင် လွယ်လွန်း၍ ခက်နေပါသည်။

### ဆီလျှော့စားပါ

"ဆီလျှော့စားပါ" ဟု အပြောလွယ်သလောက် ရသတဏှာကို လျှော့နိုင်ရန် ခက်လှသဖြင့် တစ်ခဏ သာရပါ၏။ နေ့စဉ်နေ့တိုင်း၊ တစ်သက်တာလုံး စားမည့် အစာထဲတွင် ဆီကိုလျှော့ချဖို့ ကိစ္စသည် တစ်ဦးချင်းကိစ္စဟု ထင်ရသော်လည်း မိသားစုကိစ္စ၊ ရပ်ထဲ၊ရွာထဲ၊ ဈေးထဲမှသည် မီဒီယာထဲထိ ကိစ္စရှိလာ ပါတော့သည်။

"ဆီလျှော့စားပါ" ဟု တိုက်တွန်းသောအခါ လိုက်နာသူတွေများစွာရှိလာ၏။ ဆီအတွက် ကုန်ကျ ရမည့် ချွေးနဲ့စာကို အခြားနေရာများတွင် တန်ဖိုး ရှိစွာ သုံးနိုင်လာ၏။ တစ်ဦးချင်း လျှော့စားနိုင်သည် မှန်သော်လည်း မိသားစုညီမှုဖြစ်၏။ "ဆီမပါ၊ ပျားမပါ" ဟု အိမ်ထောင်ဦးစီးက ဆိုလာလျှင် အိမ်ရှင်မမှာ ပြဿနာရှိ၏။

"မသူဇာ ပုတိုက်တိုက်၊ အသားသူ မကြိုက်၊
ကိုသာဝိုက် ပိန်ပါးပါး၊ အဆီသူမစား၊
ကိုသာဝိုက်နဲ့ မသူဇာ၊ အိမ်ထောင်ကျသောအခါ
ထမင်းပွဲမှာ ဝက်သားခွက်၊ တလင်းပြောင်
အောင်လျက်"

ဟူသော မူလတန်းကဗျာလေးကဲ့သို့ အဆီ ကြိုက်သူနှင့် အသားကြိုက်သူတို့ အိမ်ထောင်ဖက် တွေ့ပြီဆိုလျှင် ဆီလျှော့စားဖို့ကိစ္စသည် အိမ်တွင်း ပဋိပက္ခ၏ နိဒါန်း။

ဖြစ်လေ့ဖြစ်ထရှိသော အိမ်ထောင်တွင်း ပြဿနာကို နမူနာယူ၍ ဗဟိုကျန်းမာရေးပညာဌာန သည် ရုပ်သံဇာတ်လမ်းများ ရိုက်ကူးတင်ဆက်ခဲ့၏။ ရောနှင့် ငှက်ပျောကြော်တို့ကို အဓိက ဇာတ်ဆောင် ထား၍ ရိုက်ကူးထားသော "မင်းမသိသေးပါဘူးကွာ" အမည်ရှိ ဇာတ်လမ်းသည် စိတ်ဝင်စားသူများ၏။ ဖိုးဖြူတို့ပါဝင်သော ဇာတ်လမ်းမှာလည်း ထိရောက် ၏။ ယခုအခါ ပြန်လည်ဆန်းသစ်လာသည်ကိုလည်း တွေ့ရပါ၏။

ကျန်းမာရေးပညာရှင်များသည် ဆီလျှော့စားဖို့ ဟောပြောပြ၏။ ဆီလျှော့စားဖို့ ရေးသားကြ၏။ ဆီများများစားခြင်း၏ ဆိုးကျိုးများကို ထပ်ကာ ထပ်ကာ ရှင်းပြကြ၏။ လူငယ်များကြားတွင်၊ ပညာ တတ်များတွင် သတိပြုမိသူတွေများလာပြီး လက်တွေ့ ဆီလျှော့စားသူတွေကိုလည်း တွေ့ရပါ ၏။

သို့ရာတွင် မြန်မာအများစု၏ စိတ်ထဲတွင် စွဲမြဲ နေသော အခြေခံရင်တွင်းဖြစ်တွေရှိနေ၏။ ထိုသို့ ငုပ်လျှိုးနေသော အတွင်းစိတ်များက အခွင့်သာလျှင် ထွက်ပေါ်လာလေ့ရှိပါ၏။

"ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ" ဟု ရှေးရှေးက ဆိုရိုးတစ်ခုရှိထားသည်ဖြစ်ရာ ချမ်းသာလာမည့် မြန်မာတို့၏အိပ်မက်ကို တိုင်းတာ စရာပေတံကား ဆီတွေကို ဖုံးပေါလအော သုံးနိုင် ခွင့်ရှိလာခြင်းပင် ဖြစ်တော့၏။

### အမီလိုက်၍ စားကြရ

ဝင်ငွေတိုးလေ ဆီဖိုး ပိုကုန်လေဖြစ်လာ၏။ ဝင်ငွေမတိုးသည့်တိုင် ဈေးတက်လာသော ဆီကို အမီလိုက်၍ စားကြရ၏။ စားနေကျအစား၊ ခံစားနေ ကျ အရသာမတွေ့လျှင်ပင် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်လာ၏။ နရသီဟပတေ့မင်းကြီးလို ဟင်းခွက် နှစ်ရာ မစားနိုင်ပေမယ့် ဆီများပါသော ဟင်းကလေး တစ်ခွက်ကိုတော့ လက်မလွှတ်ချင်။

တောင်ပေါ်သားတို့မှာ ဆီမပါဘဲ ကျန်းမာ အောင် စားသုံးနိုင်ကြ၏။ မိရိုးဖလာ အစားအစာများ တွင် ဆီမပါသဖြင့် သားစဉ်မြေးဆက် ဆီလျှော့စားပါ ဟု ပြောစရာမလို။ မြေပြန့်သားတို့မှာကား ဆီသည် မရှိမဖြစ်။ ဆီပြန်မှ၊ ဆီလက်နှစ်လုံးလောက် ဖုံးနေမှ စား၍လည်းကောင်း၊ ထား၍လည်း ကြာကြာခံ၏။

မရှိမဖြစ် "ဆီ" ကို လိုချင်တောင့်တသူများလာ သောအခါ ပြည်တွင်းထွက်ဆီ မလုံလောက်သဖြင့် နိုင်ငံခြားကမှာယူတင်သွင်းရ၏။ တစ်ဖက်ကလည်း ပြည်တွင်းထွက် ပဲဆီ၊ နှမ်းဆီများမှာ ဈေးကွက်ထဲမှာ ပေါပေါလျှံလျှံ မရှိတော့သဖြင့် အပေါစား နိုင်ငံခြား ဖြစ် ဆီများ၏ ဈေးကွက်ကျယ်ပြန့်လာတော့၏။ သုံးပြီးသားဆီများ၊ အရောအနှောဆီများသည် အခြေခံလူတန်းစားတို့ အားကိုးရာဖြစ်လာချိန်တွင် တိုင်းပြည်နာ၏။

### သွေးခြင်းနှုန်း တရိပ်ရိပ်တက်

သုံးပြီးသားဆီများ၊ ပြန်ကြော်ဆီများကား "ဆီဆိုး" များသာဖြစ်ပါ၏။ "Trans Fat" ဟု ခေါ်သော ထိုဆီဆိုးများသည် သွေးကြောထဲတွင် အနည်ထိုင်၍ သွေးတိုး၊ ဆီးချို၊ နှလုံး ရောဂါကအစ ရောဂါထွေစေတော့၏။ ရောဂါဖြစ်၍ သေခြင်းနှုန်း ကား တရိပ်ရိပ်တက်၍ လာနေပေပြီ။

အကြော်သည်တို့၏ လက်ထဲမှ အရသာရှိသော အကြော်စုံတို့မှာ ထပ်ပြီးထပ်ပြီး ပြန်ကြော်ထားသော ပြန်ကြော်ဆီများဖြစ်ကာ ဒယ်အိုးထဲမှာ သေချာ ကြည့်လျှင် မည်းနေ ကျွမ်းနေသော အနည်များကို တွေ့နိုင်ပါသည်။ အဆိုးဆုံးကား ဟိုတယ်များတွင် ပြန်သုံးခွင့်မရှိသော ကြော်ပြီးသားဆီများကို ဈေးပေါပေါနှင့် ကောက်ယူပြီး ဈေးကွက်တင်နေ သူများရှိနေသည်ကို သတိမထားမိခြင်းပင်။

အမှန်တော့ မြန်မာနိုင်ငံသည် ဆီထွက်သော နိုင်ငံဖြစ်၏။ သို့ဖြစ်၍ မြန်မာတို့ ဆီကြိုက်သည်မှာ မဆန်း။ နည်းပညာမတိုးတက်ခြင်း၊ စိုက်ပျိုး ထုတ်လုပ်ရာတွင် "Good Agricultural Practice–GAP" ကောင်းမွန်သော စိုက်ပျိုးမှုကျင့်စဉ် အားနည်း ရာမှစကာ ဈေးကွက်တင်သည်အထိ အစဉ်အဆက် ကျန်းမာရေးနှင့်ညီအောင် ဆောင်ရွက်ဖို့ လိုအပ်ချက် များရှိခြင်းကြောင့် နိုင်ငံခြားမှ တင်သွင်းလာသော ဆီများက ဈေးကွက်အတွင်း အလဲထိုးခြင်းကို ခံနေရပေသည်။

"ဆီလျှော့စားပါ" ဟူသော ပညာပေးသည် လက်တွေ့ကြိုးဝိုင်းထဲတွင် အလူးအလဲ ခံနေရလေ သည်။ ဆီလျှော့စားဖို့ အသိပညာပေးများသည် မီဒီယာထဲတွင် မှေးမှိန်သေးသိမ်၍ သွား၏။ ငွေအား ကောင်းကောင်းနှင့် ဖန်တီးထားသော ဆီကြော်ငြာ များသည် "Counter Communication" တန်ပြန် ဆက်သွယ်ရေးနည်းဖြင့် မီဒီယာထဲတွင် ဆွဲဆောင်၍ ဆီလျှော့စားဖို့ ပညာပေးနေသူများကို သရော် လှောင်ပြောင်၍ နေလေပြီ။ ။



အကြော်သည်တို့၏ လက်ထဲမှ အရသာရှိသော အကြော်စုံတို့မှာ ထပ်ပြီးထပ်ပြီး ပြန်ကြော်ထားသော ပြန်ကြော်ဆီများဖြစ်ကာ ဒယ်အိုးထဲမှာ သေချာ ကြည့်လျှင် မည်းနေ ကျွမ်းနေသော အနည်များကို တွေ့နိုင်ပါသည်။ အဆိုးဆုံးကား ဟိုတယ်များတွင် ပြန်သုံးခွင့်မရှိသော ကြော်ပြီးသားဆီများကို ဈေးပေါပေါနှင့်ကောက်ယူပြီး ဈေးကွက်တင်နေသူများရှိနေ

ကျန်းမာရေးပညာရှင်များသည် ဆီလျှော့စားဖို့ ဟောပြောပြ၏။ ဆီလျှော့စားဖို့ ရေးသားကြ၏။ ဆီများများစားခြင်း၏ ဆိုးကျိုးများကို ထပ်ကာထပ်ကာ ရှင်းပြကြ၏။ လူငယ်များကြားတွင်၊ ပညာတတ် များတွင် သတိပြုမိသူတွေများလာပြီး လက်တွေ့ ဆီလျှော့စားသူတွေကို လည်း တွေ့ရ

# ဘဝနတ်ထံစံလွန်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ၊ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ ဒေါက်တာဘဒ္ဒန္တကဝိသာရ မဟာထေရ်ဆရာတော်ကြီး၏ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တကိုအာရုံပြု၍ ပတ္တိဒါနအနုမောဒနာတရားတော် နာယူရေစက်ချအမျှပေးဝေ

**ပျဉ်းမနား ဇွန် ၁၇**

ဘဝနတ်ထံစံလွန်တော်မူသော နိုင်ငံတော် သြဝါဒါစရိယ၊ နေပြည်တော်၊ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမ စျေးကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ ဒေါက်တာဘဒ္ဒန္တကဝိသာရ သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၅)ဝါရှိ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာတော်ကြီး၏ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တကို အာရုံပြု၍ ပတ္တိဒါနအနုမောဒနာတရားတော် နာယူရေစက်ချအမျှပေးဝေမှု အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းပရိယတ္တိစာသင်တိုက်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့် ဧည့်ပရိသတ်များက ဥပ္ပါတသန္တိစေတီတော် သြဝါဒါစရိယဆရာတော်၊ နေပြည်တော်တိုင်း သံဃနာယက ဥက္ကဋ္ဌ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ပတ္တိဒါနအနုမောဒနာ တရားတော် နာယူကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်ကြီးများထံ ဆွမ်း၊ ရေချမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ ရေစက်သွန်းချ အမျှပေးတရားတော်များ နာယူကာ အမျှပေးဝေခဲ့ကြသည်။

**စိုးမိုး**

(ပြန်/ဆက်)

## အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ ခန္တီးမြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအား ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ခန္တီးမြို့ရှိ ခန္တီးခရိုင်ရဲတပ်မှူးရုံး၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

အီတလီအသင်းသည် ယနေ့ပွဲစဉ်တွင်လည်း ကစားကွက်တည်ငြိမ်လာခဲ့ပြီး ပြိုင်ဘက်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် ၁၉ မိနစ်တွင် အီတလီအသင်းမှ ချီလီနီ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် အီတလီအသင်း နစ်နာခဲ့ရသည်။ ပွဲချိန် ၂၆ မိနစ်တွင် အီတလီအသင်းအတွက် အဖွင့်ဂိုး ရရှိခဲ့ပြီး ဘီရာဒီ၏ ဖန်တီးပေးမှုမှတစ်ဆင့် လိုကာတယ်လီက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ဆွစ်ဇာလန်အသင်းသည် ချေပဂိုးသွင်းယူနိုင်ရန်အတွက် ကစားသမားအပြောင်းအလဲပြုလုပ်ခဲ့ပြီး ဆီဖာနိုဗစ်၏ နေရာကို ဂါဗရာနိုဗစ်ဖြင့် အစားထိုးခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့် ချေပဂိုးကို သွင်းယူနိုင်ခြင်းမရှိချေ။ ပွဲချိန် ၅၂ မိနစ်တွင် အီတလီအသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဘာရယ်လာ၏ ဖန်တီးပေးမှုမှတစ်ဆင့် လိုကာတယ်လီကပင် သွင်းယူပေးနိုင်ခဲ့သည်။ ဆွစ်ဇာလန်အသင်းသည် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း အီတလီအသင်း၏ ဖိအားပေးမှုကိုသာ ရင်ဆိုင်ခဲ့ရသည်။

အီတလီအသင်းအတွက် တတိယဂိုးကို ပွဲချိန်ပြီးခါနီးတွင် အင်မိုဘီလီက သွင်းယူပေးနိုင်ခဲ့၍ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဆွစ်ဇာလန်အသင်းသည် ယနေ့ပွဲစဉ်တွင် အီတလီအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ယူရိုပြိုင်ပွဲတွင် နှစ်ပွဲကစားပြီး တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်တစ်မှတ်ဖြင့် အုပ်စုတတိယနေရာတွင် ရပ်တည်နေပြီး နောက်တစ်ဆင့် တက်ရောက်ရန် လက်ကျန်ပွဲစဉ်ကို အားစိုက်ကစားရတော့မည်ဖြစ်သည်။

အုပ်စု (A) မှ အခြားသောပွဲစဉ်တွင် တူရကီအသင်းနှင့် ဝေးလ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဝေးလ်အသင်းက ရမ်ဆေး၊ ရောဘတ်စ်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု (A) မှ ဖင်လန်နှင့် ရုရှားအသင်းတို့ပွဲစဉ်တွင် ရုရှားအသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

## စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ အဖျက်အမှောင့်လုပ်ဆောင်ရန် လက်လုပ်မိုင်း စမ်းသပ်ဖောက်ခွဲရာမှ ဒဏ်ရာရရှိသူ အမျိုးသားတစ်ဦး မုံရွာမြို့တွင် ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ အဖျက်အမှောင့် လုပ်ဆောင်ရန် လက်လုပ်မိုင်း စမ်းသပ်ဖောက်ခွဲရာမှ ဒဏ်ရာရရှိသူ အမျိုးသားတစ်ဦး မုံရွာမြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ချောင်းဦးမြို့နယ် ရွာသစ်ကျေးရွာ အနီးတွင် လက်လုပ်မိုင်း စမ်းသပ်ဖောက်ခွဲရာမှ ထိခိုက်ဒဏ်ရာရရှိသူတစ်ဦး မုံရွာမြို့ဆေးရုံသို့ ထွက်ခွာလာကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မုံရွာမြို့အဝင် ဂိတ်အနီး၌ စောင့်ဆိုင်းနေစဉ် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ချောင်းဦးမြို့ဘက်မှ မုံရွာမြို့ဘက်သို့ မောင်းနှင်လာသော YGN 2J-1347 ADVan "မျိုးဆက်သစ်" ကျန်းမာရေး စောင့်ရှောက်မှုယာဉ်အား စစ်ဆေးရန် တားဆီးစဉ် ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့ရာ မွန်းလွဲ ၁ နာရီခန့်တွင် မုံရွာမြို့ စက်မှုဇုန် ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေး မှူးရုံးအနီး၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် မော်တော်ယာဉ်အား ချောင်းဦးမြို့နယ် ရွာသစ်ကျေးရွာနေ ထွန်းဝင်းဇော် (၄၃)နှစ် (ဘ) ဦးနီတွတ် မောင်းနှင်ပြီး ယာဉ်ပေါ်တွင် အဆိုပါကျေးရွာနေ လွင်မောင် (၃၀)နှစ် (ဘ) ဦးအောင်သန်း လိုက်ပါလာသည်ကို တွေ့ရှိရကာ ၎င်း၏ ရင်ညွန့်၊ ဝဲ/ယာလက်နှင့် ခြေထောက်တို့တွင် ပေါက်ပြဲဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိရသဖြင့် စစ်မေးခဲ့ရာ လွင်မောင်သည် ရွာသစ်ကျေးရွာ အရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ တောင်ခြေတွင် အဖျက်အမှောင့်ဖောက်ခွဲရေး လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် လက်လုပ်မိုင်းပြုလုပ်၍ စမ်းသပ်ဖောက်ခွဲရာမှ လက်အတွင်း ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



တရားခံ လွင်မောင်

ဖြစ်စဉ်တွင် ဖမ်းဆီးရမိသူ နှစ်ဦးအား စစ်ဆေးလျက်ရှိပြီး ပူးပေါင်းပါဝင်ပတ်သက်သူများကို ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မော်တော်ယာဉ်များ ဖောင်းကြွနံပါတ်ပြား ပြောင်းလဲတပ်ဆင်ရန် အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတကာတွင်အသုံးပြုနေသည့် မော်တော်ယာဉ်နံပါတ်ပြားများနည်းတူ လုံခြုံရေးပိုင်းဆိုင်ရာ အချက်အလက် (Security Feature)များ ထည့်သွင်းရိုက်နှိပ်၍ အသုံးပြုတပ်ဆင်ပေးလျက်ရှိပါသည်။

၂။ မော်တော်ယာဉ်တွင် တပ်ဆင်သည့် လက်ရှိဖောင်းကြွနံပါတ်ပြား၌ တိုင်းဒေသကြီး/ပြည်နယ်ဒေသ သင်္ကေတ၊ ရောက်ရှိအက္ခရာနှင့် ဂဏန်းများသာပါရှိရာမှ ယခုအခါ တိုင်းဒေသကြီး/ပြည်နယ်ဒေသ သင်္ကေတတို့အပြင် မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ်အမျိုးအမည်ဖော်ပြချက်တို့ကိုပါ အောက်ပါအတိုင်း ထပ်တိုးထည့်သွင်းသွားမည် ဖြစ်ပါသည်-

ပြောင်းလဲတပ်ဆင်ပေးမည့် ဖောင်းကြွနံပါတ်ပြားနမူနာပုံစံ




၃။ ထိုသို့ ထပ်တိုးထည့်သွင်းခြင်းဖြင့် မော်တော်ယာဉ်နံပါတ်ပြားကို အခြားတရားမဝင်ယာဉ်များ၌ တပ်ဆင်အသုံးပြုမှုကို ထိန်းချုပ်တားဆီးနိုင်ခြင်း၊ မော်တော်ယာဉ်တည်ရှိသည့်မြို့နယ်ကိုပါ ခွဲခြားသိရှိနိုင်ခြင်း၊ ယာဉ်နံပါတ်ပြားနှင့် မော်တော်ယာဉ် တိကျမှန်ကန်စေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လုံခြုံရေးပိုင်းဆိုင်ရာအချက်အလက်(Security Feature)များအပြင် တိုင်းဒေသကြီး/ပြည်နယ်ဒေသ သင်္ကေတ၊ မြို့နယ်ကိုယ်စားပြု ဂဏန်းဖော်ပြချက်နှင့် မော်တော်ယာဉ် အမျိုးအမည် ဖော်ပြချက်တို့ပါရှိသော အင်္ဂလိပ်အက္ခရာ မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားများကို ပထမအဆင့်အနေဖြင့် ကနဦးမှတ်ပုံတင်ခြင်း၊ နယ်ဝင်/အမည်ပြောင်းခြင်းဆောင်ရွက်သည့် မော်တော်ယာဉ်များနှင့် ပိုင်ရှင်ဆန္ဒအရ ပြောင်းလဲတပ်ဆင်လိုသည့်ယာဉ်များ၌ လာမည့်ဇူလိုင်လဆန်းမှစ၍ ပြောင်းလဲတပ်ဆင်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဖောင်းကြွနံပါတ်ပြား၏ သတ်မှတ်စျေးနှုန်း ပြောင်းလဲမှုမရှိပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# အကြမ်းဖက်သူများက စိန်ရွှေကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအတွင်းသို့ ဝင်ရောက်ကာ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဖတ်စာအုပ်များ မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာတတ်မြောက်ရေးနှင့် အနာဂတ်ခေါင်းဆောင်ကောင်းများ ပေါ်ထွန်းလာရေးအား ရှေးရှု၍ စာသင်ကျောင်းများအား COVID–19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်သင်ကြားစေလျက်ရှိရာ အကြမ်းဖက်မှုကို လိုလားပြီး အဖျက်အမှောင့်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေသည့် NLD ပါတီနှင့် တိုက်ရိုက်ပတ်သက်ဆက်နွှယ်နေသည့် အကြမ်းဖက်သောင်းကျန်းသူများက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ အေးချမ်းစွာ ပညာသင်ကြားနေမှုအပေါ် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် ကန့်ကွက်စာများ ရေးသားခြင်းတို့ကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ယင်းသို့ အကြမ်းဖက်မှုများ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၄ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဘွက်ကြီးကျေးရွာအုပ်စု၊ စိန်ရွှေကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွင်းရှိ စတုတ္ထတန်းစာသင်ခန်းအတွင်းသို့ အကြမ်းဖက်သူများက ဝင်ရောက်၍ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဖတ်စာအုပ်မျိုးစုံ ၅၆ အုပ်၊ ဗလာစာအုပ် ၃ ဒါဇင်၊ ပရိဘောဂပစ္စည်းမျိုးစုံတို့ကို မီးရှို့ထွက်ပြေးသွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် အဆိုပါစာသင်ကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် စာသင်ကြားမှုမပျက် ဆက်လက်သင်ကြားလျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးရှို့ခဲ့သူများနှင့် ပါဝင်ပတ်သက်သူများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးရှိ မူလတန်းကျောင်းကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးထားစဉ်။

# မြို့နယ်အချို့၌ အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သို၀ှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

မြို့နယ်အချို့၌ အကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် သို၀ှက်သိမ်းဆည်းထားရှိသူများအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထိုသို့ ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ နောင်ပကျစ်ရပ်ကွက်ရှိ သာသနာ့မဏ္ဍိုင် ဂန္ဓမာရုံကျောင်းတိုက်၌ အကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုသည့်ပစ္စည်းများ သို၀ှက်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ဘုန်းကြီးကျောင်း အတွင်းမှ လက်လုပ် ဂက်(စ်)သေနတ်နှစ်လက်၊ လက်လုပ်မိုင်း အထုပ်သုံးထုပ်နှင့် အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသော ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း ပေါက်ကွဲမှုဖြစ်စဉ်များနှင့် ဆက်စပ်၍ ဖမ်းဆီးစစ်ဆေးလျက်ရှိသော ဟသ်ာကုန်းကျေးရွာနေ စိုးထွန်းထွန်း (၅၀) နှစ် (ဘ) ဦးမြင့်စိုးပါ ငါးဦး၏ ထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စိုးထွန်းထွန်း၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ ၎င်း၏နေအိမ်ခြံဝင်းအတွင်းမှ သံပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း ငါးလုံးနှင့် အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသော ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။



ခိုင်ဝင်းဇော်၊ စိုးထွန်းထွန်း၊ ချစ်ရဲသွေး၊ ဟိန်းဆက်အောင်၊ ခိုင်ဝင်းထွန်းတို့ကို အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား သို၀ှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ဥဿာမြို့သစ် ရပ်ကွက်ကြီး(၆) သမိန်ဗရမ်းလမ်းရှိ ကညနရုံးကို လက်လုပ်ဗုံးဖြင့် ပစ်ပေါက်မှုတွင် ပါဝင်ခဲ့သူအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

အကြမ်းဖက် အဖွဲ့အစည်းများအဖြစ် ကြေညာထားသော NUG နှင့် CRPH အဖွဲ့တို့၏ ကြိုးကိုင်ဆောင်ရွက်နေမှု၊ ပံ့ပိုးမှုတို့ဖြင့် အကြမ်းဖက်သမားများက မြို့နယ်အချို့၌ အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားမဲ့စွာဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဥဿာမြို့သစ် ရပ်ကွက်ကြီး (၆) သမိန်ဗရမ်းလမ်းရှိ ကညနရုံး အမှိုက်ပုံအနီး၌ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် ပေါက်ကွဲမှုမရှိသေးသော လက်လုပ်လက်ပစ်ဗုံး တစ်လုံးကို တွေ့ရှိရသဖြင့် CCTV မှတ်တမ်းများအား စစ်ဆေးရာ မွန်းလွဲ ၁ နာရီ ၃၅ မိနစ်ခန့်တွင် နယူးဇင်းနစ် 125 အမျိုးအစား မော်တော်ဆိုင်ကယ် အမှတ်၊ ၄၀ယ/၁၇၃၀၀ ဖြင့် အမျိုးသားနှစ်ဦး ရောက်ရှိလာပြီး အဆိုပါရုံးအတွင်းသို့ အဖြူရောင်ဆိုင်ကယ်ဦးထုပ်ဆောင်းထားသူ တစ်ဦးမှ လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားသည်ကို တွေ့ရှိရသည်။



ဝဏ္ဏထွန်း

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်း စစ်ဆေးရှာဖွေရာ ညနေ ၄ နာရီခွဲခန့်တွင် ဥဿာမြို့သစ် ရပ်ကွက်ကြီး(၉) နဝဒေးလမ်းရှိ အောင်ကိုလင်း (ခ) မင်းရန်ပိုင် (ဘ) ဦးတင်မြင့်၏ နေအိမ်၌ CCTV မှတ်တမ်းတွင် ပါရှိသည့် မော်တော်ဆိုင်ကယ်နှင့် ဆိုင်ကယ်ဦးထုပ်အဖြူရောင်တို့အား တွေ့ရှိသဖြင့် ဝင်ရောက်စစ်ဆေးရာ အောင်ကိုလင်း(ခ)မင်းရန်ပိုင်မှာ နေအိမ်ပြတင်းပေါက်မှ ခုန်ချထွက်ပြေးသွားခဲ့ပြီး ၎င်း၏ သားဖြစ်သူ ဝဏ္ဏထွန်း အသက် (၁၈) နှစ်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ ၎င်း၏ပြောကြားချက်အရ ဖခင်ဖြစ်သူနှင့်အတူ ကညနရုံးကို လက်လုပ်ဗုံးဖြင့် သုံးကြိမ်ပစ်ပေါက်ခဲ့ကြောင်း၊ စေခိုင်းသူမှာ NLDပါတီ၏ စည်းရုံးလှုံ့ဆော်မှုဖြင့် CDM ပြုလုပ်တိမ်းရှောင်နေသည့် ပဲခူးခရိုင်ပညာရေးမှူးရုံး အကူဝန်ထမ်း အမှတ်(၄၇၂) ဥဿာမြို့သစ် ရပ်ကွက်(၆) နဝဒေးလမ်းနေ ဖြိုးမင်းဦး (ဘ) ဦးတင်ဦးဖြစ်ကြောင်း၊ ဖြိုးမင်းဦးမှ ဖောက်ခွဲမှုပြုလုပ်တိုင်း တစ်ကြိမ်လျှင် ကျပ်တစ်သိန်းနှင့် ဖောက်ခွဲမှုအောင်မြင်ပါက ကျပ်တစ်သိန်း ထပ်မံပေးခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူအား သက်ဆိုင်ရာ နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူအား ဖမ်းဆီးရမိရေး အပူတပြင်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာနေထိုင်သော ပြည်သူလူထုအချို့ကို လက်နက်ကိုင် အကြမ်းဖက်သူများက အကြောင်းမဲ့လုပ်ကြံသတ်ဖြတ်

**နေပြည်တော် ဇွန် ၁၇**

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများနှင့် အေးချမ်းစွာ နေထိုင်နေကြသော ပြည်သူလူထုအချို့အား အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်၊ လူထုအတွင်း အကြောက်တရားများ လွှမ်းမိုးလာစေရန်နှင့် ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ လက်နက်ကိုင်အကြမ်းဖက်သူများက သေနတ်များ၊ တုတ်/ ဓားများ၊ လက်လုပ်ဗုံး၊ လက်ပစ်ဗုံးများအသုံးပြုကာ အကြောင်းမဲ့ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ပင်တင်း(မြောက်) ကျေးရွာနေ ဦးအေးခိုင်(၅၈) နှစ် (ဘ) ဦးသန်း၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်သန်းနု (၅၂)နှစ် (ဘ) ဦးတင်မောင်၊ သမီးဖြစ်သူ မပြုံးပြုံးအေး (၁၅)နှစ်နှင့် သားဖြစ်သူ အောင်မျိုးဝင်း (၉)နှစ်တို့ မိသားစုသည် ကိုယ်ပိုင်စက်လှေဖြင့်လည်းကောင်း၊ ပင်တင်း(တောင်)ကျေးရွာနေ ဆရာတော် ဉူးသုမင်္ဂလသက်တော် (၆၃)နှစ် သည် “လှမြတ်မင်း”အမြန်ရေယာဉ်ဖြင့်လည်းကောင်း ၎င်းတို့၏ ကျေးရွာများရှိ NLD ထောက်ခံအားပေးသည့် အကြမ်းဖက်သမားများက ၎င်းတို့အား “လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပေးသူများ”ဟု စွပ်စွဲပြောဆိုခြိမ်းခြောက်နေသဖြင့် ကျေးရွာများတွင် မနေထိုင်ရဲတော့ဘဲ မုံရွာမြို့သို့ တိမ်းရှောင်ရန် ချင်းတွင်းမြစ်အတိုင်း ထွက်ခွာလာခဲ့ရာ နံနက် ၉ နာရီတွင် ကနီမြို့နယ် ကင်းကျေးရွာအနီးအရောက် အကြမ်းဖက်သောင်းကျန်းသူများက ဆရာတော်နှင့်ဦးအေးခိုင်တို့မိသားစုကို ဖမ်းဆီးမေးမြန်း၍ မွန်းလွဲ ၁ နာရီတွင် ပြန်လည်လွှတ်ပေးခဲ့သဖြင့် ဦးအေးခိုင်၏ စက်လှေဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ကနီမြို့နယ် ကျောက်လှေကားကျေးရွာအနီးအရောက်တွင် အခြားအကြမ်းဖက်သောင်းကျန်းသူများက ထပ်မံဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သိရသည်။

အဆိုပါဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည့် သံဃာတော် တစ်ပါးနှင့် ဦးအေးခိုင်နှင့် မိသားစုဝင် လေးဦးတို့ကိုပြန်လည်ကယ်တင်နိုင်ရေးနှင့် အကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်အာကာသယာဉ်မှူးများ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်မှုလုပ်နိုင်ခဲ့

**ပေကျင်း ဇွန် ၁၇**


တရုတ်နိုင်ငံ၏ "Shenzhou-12"လူလိုက်ပါသည့် အာကာသယာဉ်သည် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ရောက်ရှိပြီးနောက် အဆင်ပြေစွာ အခြေအနေချိန်ညှိမှုကို လုပ်ဆောင်နိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ပေကျင်းစံတော်ချိန် ၁၅ နာရီ ၅၄ မိနစ်တွင် အလိုအလျောက် ချိတ်ဆက်သည့် ပုံစံဖြင့် "Tianhe core module" အရှေ့ဘက်အစွန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း တရုတ်နိုင်ငံ၏လူလိုက်ပါသည့် အာကာသအေဂျင်စီက ပြောသည်။ တရုတ်အာကာသယာဉ်မှူးသုံးဦး လိုက်ပါသည့် "Shenzhou-12"ကို ဇွန် ၁၇ ရက် အစောပိုင်းက တရုတ်နိုင်ငံအနောက်မြောက်ပိုင်းမှ အောင်မြင်စွာ လွှတ်တင်ခဲ့သည်။

တရုတ်နိုင်ငံ အာကာသအေဂျင်စီက အာကာသယာဉ်သည် အာကာသစခန်း၏ အဓိက "module"နှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ လူလိုက်ပါသည့် အာကာသခရီးစဉ်သည် အာကာသစခန်းသို့ သွားသည့် တရုတ်နိုင်ငံ၏ ပထမဆုံး အာကာသခရီးစဉ်ဖြစ်သည်။ အာကာသယာဉ်မှူးများသည် တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရန် အာကာသစခန်း၌ သုံးလနေထိုင်ရန် စီစဉ်ထားသည်။

ထို့အပြင် အာကာသယာဉ်မှူးများသည် အာကာသထဲတွင် အချိန်ကာလကြာမြင့်စွာနေထိုင်နိုင်မည့် နည်းပညာများကို စမ်းသပ်သွားမည်ဖြစ်ပြီး အာကာသယာဉ်အပြင်ဘက် အာကာသထဲတွင် လုပ်ဆောင်စရာရှိသည်များကို လုပ်ဆောင်သွားမည်ဖြစ်သည်။

အာကာသစခန်းကို လာမည့်နှစ်တွင် ပြီးစီးရန် တရုတ်က ရည်မှန်းထားသည်။ တရုတ်နိုင်ငံသည် "Tianhe core module" အာကာသယာဉ်ကို ဧပြီလတွင် လွှတ်တင်ခဲ့ပြီး နောက်ပိုင်းတွင် လူများနှင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်ရန် ရည်ရွယ်ထားသည်။

တရုတ်နိုင်ငံသည် ၎င်း၏ အာကာသအစီအစဉ်ကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ လွန်ခဲ့သောနှစ်က တရုတ်နိုင်ငံ၏ လူလိုက်ပါခြင်းမရှိသည့် စူးစမ်းရေးယာဉ်က လ၏ကျောက်တုံးကျောက်ခဲနမူနာများကို ပြန်လည်ယူဆောင်ခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံသည် မေလတွင် အင်္ဂါဂြိုဟ်သို့ ခြေချနိုင်ခဲ့သည်။



တရုတ်အာကာသညွှန်ကြားထိန်းချုပ်မှုစင်တာမှ ဇွန် ၁၇ ရက်တွင် ရိုက်ကူးထားသော "Shenzhou-12" လူလိုက်ပါသည့် အာကာသယာဉ်နှင့် "Tianhe core module" အလိုအလျောက် အောင်မြင်စွာ ချိတ်ဆက်ခဲ့ပြီးနောက် တွေ့ရသည့် မြင်ကွင်းကို တွေ့ရစဉ်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ

# ဒေသခံ ၆၀ ရာခိုင်နှုန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသောကြောင့် ထိုင်းနိုင်ငံရှိ ဖူးခက်ကျွန်း ပြန်လည်ဖွင့်လှစ်ရန် အသင့်ဖြစ်

**ဘန်ကောက် ဇွန် ၁၇**

ထိုင်းနိုင်ငံတောင်ပိုင်း ဖူးခက်ကျွန်းရှိ ဒေသခံ ၆၃ ရာခိုင်နှုန်းခန့်သည် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးပြီဖြစ်သောကြောင့် ဇူလိုင် ၁ ရက်တွင် အဆိုပါကျွန်းကို ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အစိုးရအဆင့်မြင့်အရာရှိတစ်ဦးက ဇွန် ၁၇ ရက်က ပြောကြားခဲ့သည်။

ဖူးခက်ကျွန်းတွင်နေထိုင်သူ ၃၄၆၈၅၅ ဦးသည် ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပြီးဖြစ်ကာ ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပြီးသူမှာ ကျွန်းရှိ လူဦးရေ ၆၃ ဒသမ ၃ ရာခိုင်နှုန်းရှိပြီဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဖူးခက်ကျွန်းတွင် လူဦးရေ ၇၀ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေစုစုပေါင်း ၃၈၃၃၀၈ ဦးကို ကာကွယ်ဆေးထိုးနှံနိုင်ရန် စီစဉ်ထားကြောင်း၊ ယခုလအတွင်း ပထမအကြိမ် ကာကွယ်ဆေးထိုးနှံနိုင်ခဲ့ကြောင်းနှင့် ဒုတိယအကြိမ်ဆေးထိုးနှံခြင်းကို ဩဂုတ်လတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဌာနအကြီးအကဲက ပြောကြားလိုက်သည်။

အစိုးရက ဆောင်ရွက်လျက်ရှိသော ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေးဦးစီးဌာနက ချမှတ်ထားသော ကပ်ရောဂါတိုက်ဖျက်ရေးဆောင်ရွက်ချက်များအရ ကာကွယ်ဆေးထိုးပြီးချိန် ၁၄ ရက်ကျော်ရှိသူ သို့မဟုတ် မိခင်နိုင်ငံတွင် ၇၂ နာရီအတွင်း ရောဂါပိုးမရှိကြောင်း စစ်ဆေးထားသူနိုင်ငံခြားသားခရီးသွားများအနေဖြင့် ဇူလိုင် ၁ ရက်မှစကာ ဖူးခက်ကျွန်းသို့ လာရောက်လည်ပတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူများအနေဖြင့် ဖူးခက်ကျွန်းတွင် ၁၄ ရက် ဆက်တိုက်နေထိုင်ပြီးနောက် ထိုင်းနိုင်ငံရှိ အခြားသော နေရာများသို့ သွားရောက်နိုင်ကြောင်း သိရသည်။

ဆင်ဟွာ



ထိုင်းနိုင်ငံရှိ ဖူးခက်ကျွန်းကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံတွင် ကာကွယ်ဆေး ပတ်စ်ပို့စ်စတင်ရန် စီစဉ်

**တိုကျို ဇွန် ၁၇**

ဂျပန်နိုင်ငံသည် ဇူလိုင်လနှောင်းပိုင်းမတိုင်မီ ကာကွယ်ဆေးပတ်စ်ပို့စ် စတင်ရန် စီစဉ်ထားကြောင်း ဂျပန်အစိုးရ ထိပ်တန်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇွန် ၁၇ ရက်က ပြောကြားလိုက်သည်။

ပြင်ဆင်မှုများအားလုံး လုပ်ဆောင်ပြီးသည်နှင့် ချက်ချင်းကာကွယ်ဆေးပတ်စ်ပို့စ်အစီအစဉ်ကို စတင်နိုင်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းရေးမှူးချုပ် ကက်ဆုနိုဘူကာတိုက ပြောသည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် ထပ်မံသေဆုံးသူ ၆၀ ရှိ

**ကွာလာလမ်ပူ ဇွန် ၁၇**

မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ နောက်ထပ် ၅၇၃၈ ဦးတိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၇၈၇၆၄ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် သုံးဦးမှာ ပြည်ပကူးစက်မှုဖြစ်ကာ ၅၇၃၅ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက ပြောသည်။

နောက်ထပ် ကိုဗစ်-၁၉ ဖြင့်သေဆုံးသူ ၆၀ ရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၄၂၀၂ ဦးအထိ ရှိလာသည်။

ကိုဗစ်-၁၉ ပြန်လည်ကောင်းမွန်လာသူ ၆၀၈၄၆၅ ဦး သို့မဟုတ် ၈၉ ဒသမ ၆ ရာခိုင်နှုန်းရှိသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၂၉ သန်းကျော်လွန်လာ



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

**နယူးဒေလီ ဇွန် ၁၇**

အိန္ဒိယနိုင်ငံတွင် ဇွန် ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၇၂၀၈ ဦး တိုးလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ အတည်ပြုလူနာ ၂၉၇၀၀၃၁၃ ဦး အထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

နောက်ထပ် ကိုဗစ်- ၁၉ လူနာ ၂၃၃၀ ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း သေဆုံးသူ ၃၈၁၉၀၃ ဦးရှိလာခဲ့သည်။

ဧပြီနှင့်မေလရှိ ရက်အတော်များများ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၀၀၀၀၀ ကျော်ရှိခဲ့ပြီးနောက် ယခုအခါတွင် အိန္ဒိယနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၀၀၀၀၀ အောက် ကျဆင်းလာသည်မှာ ၁၀ ရက်ဆက်တိုက်ရှိပြီဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် လတ်တလော၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၈၂၆၇၄၀ ရှိသည်။ ယခင်တစ်ရက်ကနှင့် နှိုင်းယှဉ်လျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၈၆၉၂ ဦး ကျဆင်းခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၂၈၄၉၁၆၇၀ ရှိလာခဲ့သည်။

ဇွန် ၁၄ ရက်မှစကာ ဒေလီရှိ ဆိုင်များနှင့် စားသောက်ဆိုင်များကို လူ ၅၀ ဆိုင်ထိုင်စားသောက်ရန် ခွင့်ပြုထားသည်။

ကျောင်းများ၊ ကောလိပ်များနှင့် တခြားစီးပွားရေးလုပ်ငန်းများကို ဆက်လက်ပိတ်ထားဆဲဖြစ်သည်။

ဆင်ဟွာ

# ကမ္ဘာ့အင်အားကြီးထိပ်သီးခေါင်းဆောင်နှစ်ဦးရဲ့တွေ့ဆုံမှုက ကမ္ဘာ့အရေးမှာ ပြောင်းလဲမှုတွေဖြစ်လာစေမှာလား

လင်းဟန်သစ်

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နဲ့ ရုရှားသမ္မတ ဗလာဒီမာပူတင် အင်အားကြီး ကမ္ဘာ့ခေါင်းဆောင်နှစ်ဦးတို့ရဲ့ တွေ့ဆုံဆွေးနွေးမှုဟာ နှစ်နိုင်ငံအရေးနဲ့ ကမ္ဘာ့အရေးကို ပြောင်းလဲမှုတွေ ဖြစ်လာမလားဆိုတာ စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေကြပါတယ်။ ဒီတွေ့ဆုံဆွေးနွေးမှုကို ဂျီနီဗာမှာ ဇွန် ၁၆ ရက်က ပြုလုပ်ခဲ့ပြီး သုံးနာရီခွဲနီးနီးလောက်ကြာခဲ့ပါတယ်။



ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

### ကြိုတင်ခန့်မှန်းနိုင်တဲ့ ဆက်ဆံရေးဖြစ်ဖို့ ဘိုင်ဒင်ပြော

အရင်တုန်းက အမေရိကန် – ရုရှားဆက်ဆံရေးဟာ မီးလောင်လွယ်တဲ့ ဆက်ဆံရေးပုံစံမျိုး အခြေအနေတင်းမာတဲ့ ဆက်ဆံရေးပုံစံမျိုးကနေ အခုတော့ ကြိုတင်ခန့်မှန်းနိုင်တဲ့ ဆက်ဆံရေးမျိုးဖြစ်လာဖို့၊ သဘောမတူတာတွေကို သဘောတူလာဖို့ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကတော့ ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ပြောကြားလိုက်ပါတယ်။

ဇွန် ၁၆ ရက် နံနက်ပိုင်းမှာတော့ ခေါင်းဆောင်နှစ်ဦးဟာ လက်ဆွဲနှုတ်ဆက်ခဲ့ကြပြီး အပြုသဘောဆောင်တဲ့မှတ်ချက်တွေကို သတိနဲ့ပေးခဲ့ကြပါတယ်။

### မျက်နှာချင်းဆိုင် တွေ့ဆုံဖြေရှင်းလိုက်တာထက် တခြားကောင်းတဲ့နည်းမရှိ

တစ်ဦးနဲ့တစ်ဦး အမြင်မရှင်းမှုတွေကို မျက်နှာချင်းဆိုင် တွေ့ဆုံဖြေရှင်းလိုက်တာထက် တခြားကောင်းတဲ့နည်း မရှိတော့ဘူးလို့ အမေရိကန်သမ္မတ ဘိုင်ဒင်က တွေ့ဆုံ ဆွေးနွေးမှုမှာ ပြောကြားလိုက်ပါတယ်။

ဘယ်နေရာမှာ နှစ်နိုင်ငံ အကျိုးစီးပွားရှိမလဲ။ ဘယ်နေရာမှာ ပူးပေါင်းဆောင်ရွက်လို့ရမလဲ။ ဘယ်နေရာမှာ မရဘူးလဲဆိုပြီး စဉ်းစားဆုံးဖြတ်ကြရမှာဖြစ်ကြောင်းနဲ့ ကြိုတင်ခန့်မှန်းနိုင်တဲ့ ဆက်ဆံရေးတည်ထောင်ဖို့ကိုလည်း အမေရိကန်သမ္မတ ဘိုင်ဒင်က ပြောကြားခဲ့ပါတယ်။

### ကိစ္စအတော်များများကို ဆွေးနွေးဖို့လို

ကိစ္စတွေအတော်များများ ဆွေးနွေးဖို့လိုကြောင်းနဲ့ နှစ်နိုင်ငံတွေ့ဆုံမှုဟာ အကျိုးရှိမယ်လို့ မျှော်လင့်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားပါတယ်။

ကမ္ဘာ့နိုင်ငံရေး ဇာတ်ခုံပေါ်မှာ လေးစားမှုတွေ ပိုတိုးလာဖို့၊ နားလည်မှုတွေပိုတိုးလာဖို့ကိုလည်း ခေါင်းဆောင်နှစ်ဦးတို့ မျှော်လင့်ကြမှာပါ။

**ကမ္ဘာ့အင်အားကြီး ခေါင်းဆောင်နှစ်ဦးတို့ရဲ့ ဆွေးနွေးမှုကတစ်ဆင့် နှစ်နိုင်ငံကြား အကျိုးစီးပွားကို ဆောင်ကြဉ်းနိုင်ပြီး ကမ္ဘာ့အကျိုးကို ဖော်ဆောင်နိုင်မယ်ဆိုပါက အကျိုးရှိတဲ့ ဆွေးနွေးပွဲအဖြစ် သမိုင်းတွင်သွားမှာဖြစ်**

### နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးတွေလည်း တက်ရောက်

အဲဒီတွေ့ဆုံဆွေးနွေးပွဲကို ကမ္ဘာ့အင်အားကြီး ခေါင်းဆောင်နှစ်ဦးအပြင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတွေနဲ့ သက်ဆိုင်ရာ အရာရှိတွေလည်း တက်ရောက်ခဲ့ကြပါတယ်။

ဂျီနီဗာ တွေ့ဆုံ ဆွေးနွေးမှုဟာ အမေရိကန်သမ္မတ ရော်နယ်ရေဂင်နဲ့ ဆိုဗီယက်ခေါင်းဆောင် မီခေးလ်ဂိုဘာချော့ဗ်တို့ရဲ့ ဆွစ်မှာ ၁၉၈၅ ခုနှစ်က ကျင်းပခဲ့တဲ့ စစ်အေးခေတ်ဆွေးနွေးပွဲကို ပြန်ပြောင်းမှတ်မိစေပါတယ်။

### တင်းကျပ်တဲ့လုံခြုံရေးအောက်မှာ ကျင်းပခဲ့

အခုတွေ့ဆုံဆွေးနွေးပွဲကို တင်းကျပ်တဲ့လုံခြုံရေးတွေအောက်မှာ ကျင်းပခဲ့တာဖြစ်ပါတယ်။ ၁၉၈၅ ခုနှစ် ဆွေးနွေးပွဲနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ နျူကလီးယားလက်နက်နဲ့ပတ်သက်ပြီး တင်းမာမှုတွေ လျော့နည်းခဲ့တာကို တွေ့ရပါတယ်။ ထို့အတူ နိုင်ငံရေးသဘောတရားယှဉ်ပြိုင်မှုတွေလည်း နည်းခဲ့ပါတယ်။

အမေရိကန်သမ္မတတစ်ဦးရဲ့ ပထမဆုံး နိုင်ငံခြားခရီးထွက်ခြင်းကတော့ ပြီးဆုံးခဲ့ပါပြီ။ ဗြိတိန်မှာ ကျင်းပခဲ့တဲ့ ဂျီ-၇ အစည်းအဝေး၊ ဘရပ်ဆဲလ်မှာ ကျင်းပခဲ့တဲ့ ဥရောပသမဂ္ဂနဲ့ နေတိုးအစည်းအဝေး၊ ဂျီနီဗာအစည်းအဝေးတွေကို တက်ရောက်ခဲ့ပါတယ်။

### ပဋိပက္ခကို မရှာဖွေဘူးလို့ ဘိုင်ဒင်ပြော

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က မိမိအနေနဲ့ပဋိပက္ခကို မရှာဖွေပါဘူးလို့ ပြောကြားခဲ့ပါတယ်။ သို့သော်လည်း တခြားသူတွေရဲ့ အန္တရာယ်ရှိတဲ့ ပြုမူ ဆောင်ရွက်ချက်တွေကိုလည်း လက်ခံသွားမှာ မဟုတ်ပါဘူးလို့ ဆိုပါတယ်။

အိမ်ဖြူတော်နဲ့ ကရင်မလင်တို့ကတော့ ကန့်သတ်ချက်ကိုယ်စီနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့အတွက် လမ်းဖွင့်ထားတယ်လို့ ပြောကြားခဲ့ပါတယ်။

### အောင်မြင်တဲ့ သံခင်းတမန်ခင်းရှိ

မကြာသေးမီကမှ နျူကလီးယားလက်နက်ကန့်သတ် ထိန်းချုပ်ရေးစာချုပ်ကို သက်တမ်းထပ်တိုးလိုက်တာကို ကြည့်ခြင်းအားဖြင့် အောင်မြင်တဲ့ သံခင်းတမန်ခင်းရှိတယ်ဆိုတာ သုံးသပ်နိုင်ပါတယ်။

၂၀၁၈ ခုနှစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လက်ထက်ကနဲ့ မတူဘဲ အစည်းအဝေးပြီးပြီးချင်း နှစ်နိုင်ငံသီးခြား တွေ့ဆုံမှု စတင်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်တုန်းက အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်ဟာ ရုရှားသမ္မတ ပူတင်ကို ဟယ်လ်ဆင်ကီမှာ တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံပြီးတော့ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့တာမရှိဘဲ အစည်းအဝေးကို အဆုံးသတ်ခဲ့ရပါတယ်။

### ပိုမိုကောင်းမွန်တဲ့ တိုးတက်မှုကို တွေ့မြင်ခဲ့

အခုအစည်းအဝေးမှာတော့ ပိုမိုကောင်းမွန်တဲ့ တိုးတက်မှုကို တွေ့မြင်ခဲ့ပါတယ်။

ယခုဆွေးနွေးပွဲမှာ ကမ္ဘာ့အင်အားကြီး ခေါင်းဆောင်နှစ်ဦးတို့ရဲ့ ဆွေးနွေးမှုကတစ်ဆင့် နှစ်နိုင်ငံကြား အကျိုးစီးပွားကိုဆောင်ကြဉ်းနိုင်ပြီး ကမ္ဘာ့အကျိုးကို ဖော်ဆောင်နိုင်မယ်ဆိုပါက အကျိုးရှိတဲ့ ဆွေးနွေးပွဲအဖြစ် သမိုင်းတွင်သွားမှာဖြစ်ပါတယ်။ ။

ကိုးကား– အေအက်ဖ်ပီ

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



*❊ ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၁၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၃၉) ခု | (၂၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၀) ခု | (၃၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၂) ခု | (၆) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၇) ခု | - |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၅) ခု | - |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၃၀) ခု | (၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၀၂) ခု | (၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၆၈၁) ခု | (၁၆၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၅၀) ခု | (၉၈) ဦး |
| **စုစုပေါင်း** | (၄,၁၇၆) ခု | (၃၆၂) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## သိန္နီမြို့၌ ကျန်းမာရေး စစ်ဆေးရေးဂိတ်ဖွင့်လှစ်

**သိန္နီ ဇွန် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့တွင် ဇွန် ၁၂ ရက် နံနက်ပိုင်းကစ၍ ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့အဝင်တွင် ကိုဗစ်–၁၉ စစ်ဆေးရေးဂိတ်ဖွင့်လှစ်၍ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအထိ သိန္နီမြို့အတွင်း ဝင်ထွက်လျက်ရှိသော မော်တော်ယာဉ်များ၊ ခရီးသည်များကို အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်း တပ်ဆင်စေခြင်းနှင့် ကိုဗစ်–၁၉ ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဒီနေ့အတွက် သိကောင်းစရာ (၅)

#### သွေးလွန်တုပ်ကွေးရောဂါ နှစ်စဉ်မိုးရာသီမှာ ဘာကြောင့်အဖြစ်များတာလဲ?

- ❖ ဒီရောဂါဟာ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထား သောနေ့အချိန်မှာကိုက်လေ့ရှိတဲ့ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ဖြစ်တာပါ။
- ❖ မိုးရာသီမှာ ခြင်ကျားလောက်လန်း အများဆုံးပေါက်ပွားတာကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားပါတယ်။
- ❖ သွေးလွန်တုပ်ကွေးရောဂါဟာ အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများမှာ ဖြစ်ပါက သေဆုံးမှုနှုန်း မြင့်မားပါတယ်။
- ❖ ခြင်ကျားလောက်လန်းဟာ ရေကြည်ရေသန့်မှာပဲ အဓိကပေါက်ပွားပြီး ခြင်ကျား ပေါက်ပွားပုံအဆင့်ဆင့်ဖြစ်တဲ့ (ဥ → ပိုးလောက်လန်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်က (၈)ရက်မှ (၁၀)ခန့်အထိသာ ကြာမြင့်ပါတယ်။ ဒါကြောင့် မိမိအိမ်၊ ကျောင်းနဲ့ ပတ်ဝန်းကျင်မှာ (၁)ပတ်လျှင် တစ်ကြိမ် ခြင်ကျားလောက်လန်း ရှာဖွေပြီး လောက်လန်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ် စသဖြင့် ဆောင်ရွက်ဖို့လိုပါတယ်။
- ❖ ခြင်ကျားလောက်လန်းမရှိဘူးဆိုရင် ခြင်ကျားပေါက်ပွားမှုလည်း မရှိတဲ့အတွက် ခြင်ကျားကိုက်ခံရလို့ဖြစ်တဲ့ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မှာ မဟုတ်ပါဘူး။




### ၁၇ -၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၃၆၆၃၆၂ | ၂၈၆၁၆၇၆၀ | ၆၁၆၁၅၇ |
| ၂။ | အိန္ဒိယ | ၂၉၇၁၀၀၄၈ | ၂၈၅၀၉၃၆၉ | ၃၈၂၂၈၉ |
| ၃။ | ဘရာဇီး | ၁၇၆၂၉၇၁၄ | ၁၆၀၃၀၆၀၁ | ၄၉၃၈၃၇ |
| ၄။ | ပြင်သစ် | ၅၇၄၇၆၄၇ | ၅၅၂၅၀၅၁ | ၁၁၀၅၇၈ |
| ၅။ | တူရကီ | ၅၃၄၈၂၄၉ | ၅၂၁၅၆၅၄ | ၄၈၉၅၀ |
| ၆။ | ရုရှား | ၅၂၆၄၀၄၇ | ၄၈၃၉၇၀၅ | ၁၂၇၉၉၂ |
| ၇။ | ဗြိတိန် | ၄၅၈၉၈၀၄ | ၄၂၉၄၅၀၆ | ၁၂၇၉၂၆ |
| ၈။ | အီတလီ | ၄၂၄၈၄၃၂ | ၄၀၁၉၄၂၄ | ၁၂၇၁၅၃ |
| ၉။ | အာဂျင်တီးနား | ၄၁၉၈၆၂၀ | ၃၇၉၁၉၇၉ | ၈၇၂၆၁ |
| ၁၀။ | ကိုလံဘီယာ | ၃၈၂၉၈၇၉ | ၃၅၆၅၁၅၈ | ၉၇၅၆၀ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၉၅၀၂၇၆ | ၁၇၇၁၂၂၀ | ၅၃၇၅၃ |
| ဖိလစ်ပိုင် | ၁၃၃၉၄၅၇ | ၁၂၅၇၇၇၄ | ၂၃၂၇၆ |
| မလေးရှား | ၆၇၈၇၆၄ | ၆၀၈၄၆၅ | ၄၂၀၂ |
| ထိုင်း | ၂၀၇၇၂၄ | ၁၇၂၃၁၆ | ၁၅၅၅ |
| မြန်မာ | ၁၄၆၇၆၈ | ၁၃၃၃၄၆ | ၃၂၅၀ |
| စင်ကာပူ | ၆၂၃၆၆ | ၆၁၉၃၁ | ၃၄ |
| ကမ္ဘောဒီးယား | ၄၀၇၈၂ | ၃၅၀၃၀ | ၃၈၀ |
| ဗီယက်နမ် | ၁၂၀၁၄ | ၄၆၅၃ | ၆၁ |
| လာအို | ၂၀၃၄ | ၁၉၂၄ | ၃ |
| ဘရူနိုင်း | ၂၅၀ | ၂၃၉ | ၃ |

# ၁၂-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*(ယမန်နေ့မှအဆက်)*

**သူရိယနေဝန်းမီဒီယာမှ သတင်းထောက် ဦးဝေဖြိုး**က ICRC ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံခရီးစဉ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် နိုင်ငံတကာအဖွဲ့အစည်း ခေါင်းဆောင်များ ပထမဆုံးခရီးလာရောက်ခြင်းဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပမှ စိတ်ဝင်စားလျက်ရှိကြောင်း၊ ၎င်းအနေဖြင့် အကျဉ်းထောင်များကိုသွားရောက်လေ့လာခြင်းနှင့် အကျဉ်းထောင်များမှ ဆောင်ရွက်သည့်လုပ်ငန်းများ ပြန်လည်စတင်ခြင်းများနှင့်ပတ်သက်၍ အစိုးရ၏ တုံ့ပြန်မှုကို သိလိုပါကြောင်း၊ ထို့ပြင် ICRC ဥက္ကဋ္ဌ၏ ခရီးစဉ်ရလဒ်ကိုလည်း သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** က အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ICRC ဥက္ကဋ္ဌသည် မြန်မာနိုင်ငံသို့ ယခုလ ၂ ရက်မှ ၄ ရက်အထိ လာရောက်ပြီး ၃ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ICRC ဥက္ကဋ္ဌအနေနှင့် ယခုမြန်မာနိုင်ငံသို့လာရောက်ခြင်းသည် စတုတ္ထအကြိမ်မြောက်ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် တစ်ကြိမ်စီလာရောက်ပြီး သုံးကြိမ်လာရောက်ပြီးဖြစ်ကြောင်း၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ် ခရီးစဉ်များတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင် ICRC မှ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်ပေးနေသည့် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် မြန်မာနိုင်ငံအစိုးရ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေးလုပ်ငန်းများတွင် ICRC အနေနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ပါကြောင်း။

လူသားချင်းစာနာထောက်ထားမှုထောက်ပံ့မှုပေးရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန တာဝန်ရှိသူများနှင့် ICRC ပူးပေါင်းပြီး အကျဉ်းထောင်များတွင် လုပ်ငန်းများဆောင်ရွက်ခြင်းသည် အချိန်ကာလကြာမြင့်ပြီဖြစ်ကြောင်း၊ ယခုအခြေအနေမှာ ကိုဗစ်-၁၉ ကပ်ရောဂါ မြန်မာနိုင်ငံကို စတင်ပြီး ရောက်ရှိသည့်အချိန်မှ အကျဉ်းထောင်များတွင် ကူးစက်ပြန့်ပွားမှု မဖြစ်စေရေး ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ထိုလုပ်ငန်းများကို ခေတ္တဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ အခြေအနေအပေါ်မူတည်၍ စဉ်းစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၆/၂၀၂၂ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

**သူရိယနေဝန်းမီဒီယာမှ သတင်းထောက် ဦးဝေဖြိုး**က စာသင်ကျောင်းများ တိုက်ခိုက်ခံရခြင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းများနှင့် ပတ်သက်၍ UNICEF Myanmar ရုံး၏ ထုတ်ပြန်ချက်များအပေါ် ပြန်လည်ထုတ်ပြန်ရေး အချက်အလက်များကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က UNICEF မှ ယခုလပိုင်းအတွင်း မြန်မာနိုင်ငံနှင့် ပတ်သက်၍ ထုတ်ထားသည့်စာ သုံးစောင်ရှိပြီဟု သတိပြုမိပါကြောင်း၊ UNICEF Myanmar ရုံး၏ သတင်းထုတ်ပြန်ချက်မှာ စာသင်ကျောင်း၊ ပညာရေးအဆောက်အအုံများ တိုက်ခိုက်ခံရခြင်း၊ ပညာရေးအဆောက်အအုံများကို တပ်မတော်မှ အသုံးပြုသည်ဆိုသည့် ပုံစံမျိုး ထင်ယောင်ထင်မှားဖြစ်အောင် ကိန်းဂဏန်းတချို့နှင့် ရေးသားဖော်ပြထားသည်များ တွေ့ရကြောင်း၊ NLD, NUG, PDF တို့ကို ထောက်ခံသူအချို့သည် ပညာရေးဝန်ထမ်းများအပါအဝင်၊ နိုင်ငံ့ဝန်ထမ်းများ အလုပ်မလုပ်ရေးနှင့် အစိုးရကိစ္စအချို့တွင် ယခုလို စာသင်ကျောင်းများ၊ ပညာရေးအဆောက်အအုံများ၊ ရုံးများကို ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်းတို့အထိ ကျူးလွန်လှုံ့ဆော်နေသည်မှာ သိသာထင်ရှားပါကြောင်း။

ဗီဒီယိုဖိုင်များနှင့် ယခု လက်တွေ့လုပ်သည့်သူများကိုလည်း ပြပြီးဖြစ်ကြောင်း၊ NLD ပါတီဝင်များ၏ လှုံ့ဆော်မှုများ၊ ၎င်းတို့၏အကြမ်းဖက်မှုများ၊ လှုံ့ဆော်မှုများကြောင့် ဘာတွေလုပ်ခဲ့သည်ဆိုသည်များကို ဇယားဖြင့်လည်း ပြသထားပါကြောင်း၊ ထိုအကြမ်းဖက်လုပ်ရပ်များကို ကာကွယ်ရန်အတွက် တပ်ဖွဲ့ဝင်အချို့သည် လုံခြုံရေးဝင်ရောက်ဆောင်ရွက်ပေးနေရသည်များ ရှိကြောင်း၊ UNICEF ၏ ထုတ်ပြန်ချက်ထဲတွင် ကျူးလွန်သည့်သူကို ကွဲကွဲပြားပြား ဖော်ပြမထားခြင်းကြောင့် အထင်အမြင်လွဲမှားစေနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးအစီအစဉ်များနှင့် ပြန်လည်ဖွင့်လှစ်သည့် စာသင်ကျောင်းများတွင် ကလေးများ ကျောင်းတက်နေကြပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ကလေးများ၏ စာသင်နှစ် တစ်နှစ်နှစ်နှစ်နှစ်နာပြီးဖြစ်ကြောင်း၊ ပြည့်စုံသည့် ကလေးများအတွက် အခြားနည်းလမ်းများနှင့် ပညာရေးကို ရယူနိုင်သော်လည်း အခြေခံလူတန်းစား မိသားစုများအတွက် စာသင်ကျောင်းများ ပြန်ဖွင့်ရန် လိုသည်ကို မိဘများ၊ ဆရာများနှင့် ကျောင်းသူကျောင်းသားများမှ သဘောပေါက်နားလည်ကြပါကြောင်း။

> ❒ **ကုလသမဂ္ဂအဖွဲ့အစည်းများအနေနှင့် အများပြည်သူကို သတင်းမထုတ်ပြန်မီ သက်ဆိုင်ရာတာဝန်ရှိသူများက သတင်းကို စိစစ်၊ မျှတအောင်ဖော်ပြရမည်ဖြစ်ကြောင်း၊ UNICEF မှ ကြိုတင်အသိပေးခြင်းများ၊ စိစစ်ဆောင်ရွက်ခြင်းများမရှိသည့်အတွက် တစ်ဖက်သတ်ဆန်သည့် ထုတ်ပြန်ချက်မျိုးဖြစ်ပေါ်ခဲ့**

ကုလသမဂ္ဂအဖွဲ့အစည်းများအနေနှင့် အများပြည်သူကို သတင်းမထုတ်ပြန်မီ သက်ဆိုင်ရာတာဝန်ရှိသူများက သတင်းကို စိစစ်၊ မျှတအောင်ဖော်ပြရမည်ဖြစ်ကြောင်း၊ UNICEF မှ ကြိုတင်အသိပေးခြင်းများ၊ စိစစ်ဆောင်ရွက်ခြင်းများ မရှိသည့်အတွက် တစ်ဖက်သတ်ဆန်သည့် ထုတ်ပြန်ချက်မျိုး ဖြစ်ပေါ်ခဲ့ပါကြောင်း၊ UNICEF အနေဖြင့် သတင်းအချက်အလက်များစိစစ်ရန်၊ ပညာရှင်ပီသရန်နှင့် ဘက်မလိုက်ရန်တို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှလည်း UNICEF ကို စာပို့ထားပါကြောင်း၊ ထို့ပြင် မေလ ၁၁ ရက်နေ့တွင် UNICEF မှ မင်းတပ်ကိစ္စနှင့် ပတ်သက်၍ ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့ပါကြောင်း၊ ထိုကြေညာချက်ထဲတွင် မင်းတပ်မှာ ရေဖြတ်ခံရခြင်းကြောင့် ကလေးများ၊ မိခင်များအတွက် စိုးရိမ်ရပါသည်ဆိုသည်များကို တွေ့ပါကြောင်း၊ မင်းတပ်မှာ ယခုလ ၁ ရက်နေ့မှ ယနေ့အထိ ရေဖြတ်ထားခြင်း မရှိပါကြောင်း၊ ထိုနေရာတွင် တပ်မတော်မှ တာဝန်ရှိသူတစ်ဦးလည်း ရှိပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်သည့်အချိန်တွင် PDF အမည်ခံ အကြမ်းဖက်များသည် မြို့၏ ရေလိုင်းများကို ဓားနှင့်ခုတ်၊ ပေါက်တူးနှင့်တူးဖြတ်ခြင်းများကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုပြင်ပေးခဲ့ရကြောင်း။

မင်းတပ် EPC ရုံးတစ်ဝိုက် လုံခြုံရေးလုပ်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်မီးဖြတ်ရန် လုပ်ခဲ့ခြင်းမှာလည်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များသာဖြစ်ပါကြောင်း၊ UNICEF အဖွဲ့အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စာသင်ကျောင်းများကို လုံခြုံရေးမလုပ်ပေးလျှင် ဒီမိုကရေစီအမည်ခံ အကြမ်းဖက်သမားများသည် စာသင်ကျောင်းများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ဆရာ၊ ဆရာမများကို မနှောင့်ယှက်ပါ၊ အကြမ်းမဖက်ပါဟု အာမခံပါသလား။ လက်တွေ့တွင် ယနေ့အထိ ကျောင်းများတွင် မိုင်းခွဲခြင်း၊ မီးရှို့ခြင်းများဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုလည်း မည်သူများကလုပ်နေသည်ဆိုသည်ကို သက်သေအထောက်အထား စုံစုံလင်လင်ဖြင့် ပြသပြီးဖြစ်ကြောင်း။

အကြမ်းဖက် လုပ်ရပ်များကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် UNICEF အဖွဲ့မှ နှုတ်ဆိတ်နေကြောင်း၊ နှုတ်ပိတ် မသိချင်ယောင်ဆောင်နေကြောင်း၊ ကျောင်းများ၊ ကလေးများ၊ ဆရာ၊ ဆရာမများ နှောင့်ယှက်ခံရခြင်းများသည် ၎င်းတို့၏ လိုတစ်မျိုး၊ မလိုတစ်မျိုး မူဝါဒကြောင့်လည်းပါသည်ဟု ပြောလိုကြောင်း၊ ယင်းမူဝါဒကြောင့် အကြမ်းဖက်များသည် အတင့်ရဲလာခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်း၏ စာပိုဒ် ၇ တွင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်း စီရင်ပိုင်ခွင့်အာဏာအတွင်း၌ သက်ရောက်နေသည့်ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အာဏာ မရှိစေရဟု ပြဋ္ဌာန်းထားခြင်းရှိပါကြောင်း၊ ထိုအချက်များကို ဂရုပြုရန်လိုပါကြောင်း၊ UNICEF အဖွဲ့အနေနှင့် ကုလသမဂ္ဂအဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းပီပီ ကျင့်ဝတ်သိက္ခာများကို လိုက်နာသင့်သည်ဟု ပြောလိုပါကြောင်း၊ သိက္ခာမဲ့သည့်လုပ်ရပ်များ မမြင်ပါရစေနဲ့ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် ဦးနန္ဒလင်း(ထားဝယ်)**က ပထမဦးစွာ release flights များနှင့် ပတ်သက်သည့်ကိစ္စကို သိလိုကြောင်း၊ နိုင်ငံတော်အုပ်ချုပ်ရေးကောင်စီအနေနှင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကယ်ဆယ်ရေးလေယာဉ်များနှင့် ပြန်လည်ခေါ်ဆောင်ပေးနေသည်ကို သိရှိရပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ပေးနေမှုအခြေအနေကို ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် release flight များကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ပေးသည့်နေရာတွင် သတင်းထုတ်ပြန်ထားသည်များလည်း ရှိကြောင်း၊ ယခုနောက်ပိုင်း ဆောင်ရွက်ပေးနေသည့် အစ္စရေးမှတစ်ဆင့် ဂျော်ဒန်တွင်သွားလုပ်နေသည့်အဖွဲ့များကို ခေါ်ဆောင်ပေးသည့်ကိစ္စများရှိပါကြောင်း၊ ကျန်သည့်နိုင်ငံများမှလည်း ခေါ်ဆောင်ပေးသည့်ကိစ္စများရှိပါကြောင်း၊ ယခင်အပတ်တွင် အိန္ဒိယမှ စီစဉ်ဆောင်ရွက်ပေးသည့်ကိစ္စများရှိပါကြောင်း၊ ထိုကိစ္စများနှင့် ပတ်သက်၍ မိမိတွင်ရှိပြီးဖြစ်သည့် စာရင်းဇယားများကို ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media မှ သတင်းထောက်ချုပ် ဦးနန္ဒလင်း (ထားဝယ်)**က ပြည်ပမှ မြန်မာနိုင်ငံသားတော်တော်များများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ပြန်လည်ခေါ်ထားသည့်အတွက် ရောက်လာကြပြီဖြစ်ကြောင်း၊ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသားများစာရင်းကို သတင်းထုတ်ပြန်သော်လည်း မပေါ်လွင်ဖြစ်နေကြောင်း၊ ဒုတိယမေးခွန်းအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကျေးလက်နေ ပြည်သူများ၏ ဘဝတိုးတက်စေရေးအတွက် ဟုဆိုကာ မြစိမ်းရောင်စီမံချက်ကို ဆောင်ရွက်ပေးနေကြောင်း၊ နေပြည်တော်၌ ဇွန် ၄ ရက်တွင် ဒက္ခိဏသီရိမြို့နယ်၌ ၅၁၁ သိန်းကို ချေးပေးခဲ့ကြောင်း၊ တောင်သူဦးကြီးများ၏ ဘဝအတွက် တိုးတက်အောင် ဆောင်ရွက်နေသည့် မြစိမ်းရောင်စီမံကိန်းနှင့် ပတ်သက်၍ လက်ရှိ ဆောင်ရွက်မှုအခြေအနေကို ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြစိမ်းရောင်စီမံကိန်း ၂၀၂၁ ခုနှစ်၊ ဧပြီ ၂၁ ရက် ရန်ပုံငွေလည်ပတ်မှု အခြေအနေမှာ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူ အိမ်ထောင်စု ခြောက်သိန်းကျော်အတွက် ငွေကျပ်သန်းပေါင်း နှစ်သိန်းသုံးသောင်းကျော်၊ မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ်သန်းပေါင်း တစ်သိန်းတစ်သောင်းကျော်၊ ကုန်ထုတ်လုပ်ငန်းအတွက် ငွေကျပ်သန်းပေါင်း သုံးထောင်ကျော်ကို အရင်းမပျောက် မတည်ငွေ၊ လည်ပတ်ရန်ပုံငွေ ထူထောင်ပေးခြင်း၊ မိသားစုများအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် ကျေးရွာကောင်စီများ သဘောတူဆုံးဖြတ်သည့် အတိုးနှုန်း ၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းထိ သတ်မှတ် ထုတ်ချေးပေးလျက်ရှိသည်ကို သိရကြောင်း၊ ယခု ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်ရန်ပုံငွေမှ ကျေးရွာတစ်ရွာအတွက် ငွေကျပ်သန်း ၃၀ နှုန်းဖြင့် စုစုပေါင်း ၁၇၈ ဒသမ ၁၁ ဘီလီယံအသုံးပြုလျက်ရှိပြီး ကျေးရွာလေးရွာ ယူနစ်ဆောင်ရွက်လျက်ရှိရာတွင် စုစုပေါင်းကျေးရွာ ယူနစ် ၉၉၃၇၊ အသုံးပြုကျေးရွာ ၁၂၀၈၅ ရွာနှင့် စီမံကိန်းလုံခြုံမှုရာခိုင်နှုန်း ၁၉ ဒသမ ၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဧပြီလအထိ မြို့နယ် ၂၅၀ မြို့နယ်၊ ကျေးရွာ ၂၃၉၈ ရွာတို့နှင့် စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းမှ ငွေကျပ် ၁၉ ဒသမ ၄ ဘီလီယံ၊ ပြည်သူထည့်ဝင်ငွေ ၁၀ ဒသမ ၅ ဘီလီယံပေါင်း၂၉ ဒသမ ၉ ဘီလီယံနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် လမ်း၊ တံတား ၁၄၄၇ ခု၊ ရေရရှိရေး ၁၆၅ ခု၊ မီးလင်းရေး ၇၇၁ ခု၊ ပညာရေး ၁၂၃ ခု၊ စာကြည့်တိုက် ၁၁ ခု၊ ကျန်းမာရေး ၉ ခု၊ ခန်းမဆောင် ၁၅၃ ခု၊ အခြား ၁၄၄ ခု၊ စုစုပေါင်း၂၈၂၃ ခုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ တင်ပြချက်များအရ ဆက်လက်ပြီး ဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း ပြန်လည်ဖြေကြားသည်။

> **မြစိမ်းရောင်စီမံကိန်း ၂၀၂၁ ခုနှစ်၊ ဧပြီ ၂၁ ရက် ရန်ပုံငွေလည်ပတ်မှုအခြေအနေမှာ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ အိမ်ထောင်စု ခြောက်သိန်းကျော်အတွက် ငွေကျပ်သန်းပေါင်း နှစ်သိန်းသုံးသောင်းကျော်၊ မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ်သန်းပေါင်း တစ်သိန်းတစ်သောင်းကျော်၊ ကုန်ထုတ်လုပ်ငန်းအတွက် ငွေကျပ်သန်းပေါင်း သုံးထောင်ကျော်ကို အရင်းမပျောက် မတည်ငွေ၊ လည်ပတ်ရန်ပုံငွေ ထူထောင်ပေးခြင်း၊ မိသားစုများအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် ကျေးရွာကောင်စီများ သဘောတူဆုံးဖြတ်သည့် အတိုးနှုန်း ၀ ဒသမ ၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်းထိ သတ်မှတ် ထုတ်ချေးပေးလျက်ရှိ**

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲ ၅ ကြိမ်မြောက်တွင် ပြည်သူများကိုထောက်ပံ့ရန် တောင်းထားသည့် ငွေကြေးရှိခဲ့ကြောင်း၊ ထိုတောင်းထားသည့်ငွေနှင့်ပတ်သက်၍ ထိုအချိန်က လာဘ်စားမှုများရှိခဲ့ကြောင်း၊ ထိုကိစ္စများကို အရေးယူပေးနိုင်ရန် မေးထားသည်များရှိကြောင်း၊ Covid Centre များ မြို့နယ်တချို့မှာ ပြန်ပြီးလုပ်နေသည်များရှိကြောင်း၊ ပြီးခဲ့သည့် NLD အစိုးရ လက်ထက်တွင်လုပ်ခဲ့သည့် Covid Centre များတွင် အဂတိမှုများရှိခဲ့သည်ကိုလည်း အလားတူ ပြောလာသည်များလည်းရှိကြောင်း၊ လက်ရှိအချိန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အချမ်းသာဆုံးသည် မြေယာများဖြစ်ကြောင်း၊ ပြည်သူများမှာ နေထိုင်ရန်အတွက် အခက်အခဲများရှိနေကြောင်း၊ သို့ဖြစ်၍ အငှားအိမ်ရာဖော်ဆောင်ပေးရန်အတွက် လက်ရှိလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွင် အဖွဲ့ဝင်ဖြစ်နေသည့် ဆရာဦးသိန်းညွန့် ဆိုလျှင် ပထမအကြိမ် ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းခဲ့ခြင်း အောင်မြင်ထားမှုရှိကြောင်း၊ ထိုသို့တင်သွင်းရာတွင် ယူနစ် ၃ သန်းခန့် တင်သွင်းခဲ့ရာ ယူနစ် ၁ သန်းကို ခွင့်ပြုခဲ့ကြောင်း၊ ယင်းကိစ္စသည် အငှားအိမ်ရာ၊ တန်ဖိုးနည်း အိမ်ရာများနှင့် ပတ်သက်၍ဖြစ်ကြောင်း၊ သို့သော် ထိုကိစ္စသည် ယခုအချိန်အထိ ထင်သလောက် အကောင်အထည်ဖော်ခဲ့ခြင်းများ မမြင်ရကြောင်း၊ ယင်းကိစ္စကို မြေ၊ ယာ ချမ်းသာနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေနှင့် အကောင်အထည်ဖော်ပေးနိုင်မည်ဆိုလျှင် ကျူးကျော်ကိစ္စများလည်း ပပျောက်နိုင်သလို၊ အိမ်ငှားနေနေရသည့် ပြည်သူများအတွက်လည်း တော်တော်ကိုအဆင်ပြေလာမည်ဖြစ်ကြောင်း၊ ယခု တစ်ကြိမ်တွင် မိမိသည် အငှားအိမ်ရာတောင်းဆိုခြင်းဖြစ်ကြောင်း၊ မိမိ၏မေးခွန်းသည် ဒီမိုကရေစီခေတ် ကာလတွင် Travel Pipe Meeting ဆိုပြီး အလုပ်ရှင်၊ အလုပ်သမားများ၏ အနိမ့်ဆုံး လုပ်ခလစာအတွက် အစည်းအဝေးများလုပ်ခဲ့ခြင်းများရှိကြောင်း၊ ပြီးခဲ့သည့် NLD အစိုးရ လက်ထက်တွင် စီးပွားရေးကျဆင်းခြင်း၊ ကိုဗစ်ဖြစ်ပွားခြင်းတို့ကြောင့် ထိုကိစ္စကို အကောင်အထည်မဖော်နိုင်၊ မလုပ်နိုင်ခဲ့သည်မှာ ယခုဆိုလျှင် ၄ နှစ်ထဲရောက်ပြီဖြစ်ကြောင်း၊ ထိုကိစ္စကို ဗိုလ်ချုပ်တို့အနေနှင့် ပြန်ပြီးလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိချင်ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အလုပ်သမားလုပ်ခလစာကို ဥပဒေအရ ၂ နှစ်တစ်ကြိမ် Review ပြန်လုပ်ရမည်ဖြစ်သော်လည်း သိရသလောက် အလုပ်သမားနှင့် အလုပ်ရှင်ကြားတွင်ဖြစ်ဖြစ်၊ အစိုးရနှင့် အလုပ်ရှင်ကြားတွင်ဖြစ်ဖြစ်၊ အစိုးရနှင့် အလုပ်သမားကြားတွင်ဖြစ်ဖြစ် နားလည်မှုလွဲနေခြင်းသည် ၂ နှစ်တစ်ကြိမ် လုပ်ခလစာတိုးပေးရမည်ဟု နားလည်မှုလွဲနေမှုများရှိကြောင်း၊ ထိုကိစ္စသည် မဟုတ်ပါကြောင်း၊ ၂ နှစ်တစ်ကြိမ် ကိုက်ညီမှု ရှိ၊ မရှိ Review ပြန်လုပ်ရခြင်း ဖြစ်ကြောင်း၊ အလုပ်သမားကိစ္စများနှင့် ပတ်သက်၍ တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ Review ပြန်လုပ်သည့် ကိစ္စသည်လည်း ဥပဒေအကြောင်းအရာ အရသော်လည်းကောင်း၊ အလုပ်သမားအဖွဲ့များပါ ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ ယင်းကိစ္စများကို ကိုက်ညီသည့်အချိန် ပြန်လည်လုပ်ဆောင်ပေးနိုင်လိမ့်မည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က ယနေ့ အရှေ့ပိုင်းတွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲ၏ ပြသခဲ့သည့်ပြကွက်များအရ အကြမ်းဖက်ဖြစ်စဉ်များ တော်တော်လေးဆိုးရွားခဲ့ခြင်းကို တွေ့ရကြောင်း၊ ထိုကဲ့သို့ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်များ၊ နောင်ဖြစ်လာမည့် အကြမ်းဖက်ဖြစ်စဉ်များသည် လက်ရှိဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး အကောင်အထည်ဖော်မှုကို မည်မျှအထိ သက်ရောက်မှုရှိသည်နှင့် ယင်းအတွက် မည်သို့ပြင်ဆင်ထားသည်ကို သိချင်ကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အကြမ်းဖက်ကိစ္စနှင့်ပတ်သက်၍ ယခုအချိန် ပြည်သူများသိရခြင်းသည် သတင်းထောက်ကြီး ရန်ကုန်မှာနေပါက ရန်ကုန်အကြောင်း သိကြောင်း၊ နေပြည်တော်အကြောင်းကို သတင်းပေါ်ကကြားရမည်ဖြစ်ကြောင်း၊ မိမိနေပြည်တော်မှာ နေလျှင် နေပြည်တော်အကြောင်းသာ သိပြီး ရန်ကုန်အကြောင်း သိမည်မဟုတ်ကြောင်း၊ နေပြည်တော်အကြောင်း သိသည်ဆိုခြင်းသည် နေပြည်တော်နေရာအားလုံးကို မိမိလက်တွေ့မသိကြောင်း၊ သတင်းများအရသာ သိရကြောင်း၊ သတင်းများဖြစ်ပေါ်ရသည့် ပုံစံကိုအကြမ်းဖျင်းရှင်းပြမည် ဖြစ်ကြောင်း။

နံပါတ်တစ် ပထမဦးဆုံး ဆန္ဒပြမှုများဖြစ်ကြကြောင်း၊ ဆန္ဒပြမှုများဖြစ်ပြီးနောက်ပိုင်း ဆူပူ ဆန္ဒပြမှုအသွင်ကို ကူးပြောင်းလာကြောင်း၊ ဆူပူဆန္ဒပြမှုအသွင်ကို ကူးပြောင်းပြီး နောက်ပိုင်း ထိုကိစ္စများနှင့် မရှေးမနှောင်းတွင် မိမိပြခဲ့သည့် ဗီဒီယိုဖိုင်ထဲတွင် တွေ့ရမည်ဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင်များထံတွင် သင်တန်းသွားတက်သည့် သူများသည် မတ်လလောက်တွင် သင်တန်းစတက်ပြီး အချို့လည်း မတ်လလောက်ကတည်းက သင်တန်းပြန်ဆင်းလာပြီ ဖြစ်ကြောင်း၊ ထိုအချိန်ကတည်းက ဖောက်ခွဲဖျက်ဆီးမှုများရှိကြောင်း၊ မိမိတို့ စာရင်းဇယားနှင့် ပြသည့်အခါ ဖောက်ခွဲဖျက်ဆီးမှုများသည် သတင်းအရ တော်တော်များများ မသိကြကြောင်း၊ မည်သည့်အတွက်ကြောင့် မသိကြသလဲဆိုခြင်းသည် ထိုအချိန် ၎င်းတို့ လုပ်ချင်နေသည်မှာ ဆန္ဒပြမှုများကို အေးအေးချမ်းချမ်းနှင့် လုပ်နေခြင်းဖြစ်ကြောင်းကို ပြချင်သည့်အတွက် ဖောက်ခွဲဖျက်ဆီးမှုများကို မလွှင့်ကြကြောင်း။

မတ်လနှင့် ဧပြီလများတွင် တစ်နေ့တစ်နေ့ မြန်မာနိုင်ငံအတွင်း ဖောက်ခွဲဖျက်ဆီးမှု အောင်မြင်သည်များလည်း ရှိကြောင်း၊ မအောင်မြင်သည်များလည်းရှိကြောင်း၊ ပေါက်ကွဲမှုပေါင်း ပျမ်းမျှ တစ်နေ့ကို ၁၀ ကြိမ် နှင့် ၁၅ ကြိမ်အထက်ရှိပြီး သတင်းမဖော်ပြကြောင်း၊ ယခုနောက်ပိုင်းတွင် တစ်နိုင်ငံလုံး မငြိမ်မသက်ဖြစ်နေသည်ကို ပြသလိုခြင်းကြောင့် သတ်ဖြတ်မှုများရှိခြင်း၊ မိုင်းထောင်မိုင်းကွဲခြင်းများရှိကြောင်း၊ အရေအတွက်အနေဖြင့် ပျမ်းမျှမေလ၏ နောက်ဆုံးအပတ်နှင့် ဇွန်လအတွင်း ပေါက်ကွဲမှု ပျမ်းမျှအကြိမ်ရေထက် မတ်လနှင့် ဧပြီလအတွင်း ပေါက်ကွဲမှု ပျမ်းမျှအကြိမ်ရေက များစွာလျော့နည်းကြောင်း။

သို့သော် အဘယ်ကြောင့် ဖော်ပြရသလဲဆိုလျှင် တစ်နိုင်ငံလုံး မငြိမ်မသက်ဖြစ်နေခြင်းကို ဖော်ပြလိုသောကြောင့် ဖော်ပြခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲပျက်စီးမှုများသည် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မထိခိုက်အောင် ယခု သတိပေးခြင်းဖြစ်ကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပုံများဖြင့် ပြသခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းပေးနေသည့် နေရာအတိအကျဖြင့်ပြခဲ့ကြောင်း၊ မည်သည့်နေရာတွင် သင်တန်းတက်ခဲ့သည် များကိုလည်း တက်ခဲ့သူများဖြင့် အတိအကျပြောခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါကိစ္စများ ပြောဆိုနေခြင်းသည် NCA ကို လိုက်နာနိုင်အောင်၊ ငြိမ်းချမ်းရေးအတွက် အနှောင့်အယှက်မဖြစ်နိုင်အောင် ပြောနေခြင်းဖြစ်ကြောင်း၊ EAO အဖွဲ့ အကုန်လုံး ပါဝင်ခြင်းမဟုတ်ဘဲ တပ်မဟာတချို့၊ တပ်ရင်းတချို့က လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်ရင်းတချို့၊ တပ်မဟာတချို့က သင်ပေးလိုက်သည့် တပည့်များသည် မိမိနိုင်ငံ၏ရပ်ကွက်၊ မြို့များက စာသင်ကျောင်းများကို ဖုံးခွဲနေခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများကို ဖုံးခွဲနေခြင်းဖြစ်ကြောင်းကို အသိပေးလိုက်ခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး မေးမြန်းလိုကြောင်း၊ မိုးတွင်းကာလ ရောက်လာပြီဆိုလျှင် နှစ်စဉ် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည့် ဒေသများရှိကြောင်း၊ ယခုလို အကြမ်းဖက်မှုများ၊ မတည်မငြိမ်မှုများ ဖြစ်နေသည့်ကာလတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာခဲ့လျှင် ယခင်ကာလများအတိုင်း

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အစီအစဉ်များ ဆွဲထားခြင်း ရှိ/ မရှိကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သဘာဝဘေးဒဏ် ကူညီကယ်ဆယ်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး အဓိကဆောင်ရွက်နေခြင်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် ယခင်အစိုးရအဆက်ဆက် လက်ထက်ကတည်းက သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက်ပါဝင် ဆောင်ရွက်ခဲ့ကြောင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအချိန်တွင် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘာဝဘေးအန္တရာယ် ကျရောက်လာလျှင် မည်သည့်အမိန့်မှ စောင့်ဆိုင်းစရာမလိုဘဲ အမြန်ဆုံးသွားရောက်ကူညီရန် မှာကြားထားပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အလိုက်၊ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်နေရာ၊ တပ်ရင်းတပ်ဖွဲ့များအလိုက် ကယ်ဆယ်ရေးပစ္စည်းများကို ဖြန့်ခွဲထားပြီးဖြစ်ကြောင်း၊ ဖိုက်ဘာလှေ၊ ဖိုက်ဘာပုံးများ၊ စားနပ်ရိက္ခာများကို လိုအပ်သည့်နေရာများသို့ ပို့ဆောင်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် အဆိုပါအရင်းအမြစ်များကို အသုံးပြုပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က လက်ရှိအချိန်တွင် ကုန်ဈေးနှုန်းက မြင့်လာကြောင်း၊ အခြေခံစားကုန်များမြင့်လာခြင်း မဟုတ်ဘဲ အဘက်ဘက်က ကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်နေကြောင်း၊ ထိုကုန်ဈေးနှုန်းများကို ပြန်ပြီး ထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြန်ပြီးကျဆင်းရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပထမဆုံးဆောင်ရွက်နေခြင်းမှာ နိုင်ငံဝင်ငွေ/ထွက်ငွေ ညီမျှအောင် ဆောင်ရွက်နေကြောင်း၊ အခြေခံစားကုန်များ ကုန်ဈေးနှုန်းကျဆင်းနိုင်ရေးသည် သယ်ယူပို့ဆောင်ရေးကိစ္စ၊ စက်သုံးဆီဈေးနှုန်းနှင့် သက်ဆိုင်ကြောင်း၊ စက်သုံးဆီဈေးနှုန်း မြင့်လာခြင်းကို ထိန်းချုပ်၍မရကြောင်း၊ ထိန်းချုပ်၍ ရနိုင်သည့်အရာမှာ အခြေခံစားကုန်များကို စားသုံးသူလက်ဝယ်သို့ တိုက်ရိုက်ရောက်ရှိရေးကို ဆောင်ရွက်၍ရပြီး အဆိုပါလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့် သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်မြင့်မောင်သည် ပုဒ်မ-၅၀၅(ခ)ဖြင့် မန္တလေးအိုးဘိုထောင်တွင် ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရပါကြောင်း၊ ၎င်းပုဂ္ဂိုလ်သည် သွေးကင်ဆာရောဂါခံစားခဲ့ရပြီး နိုင်ငံခြားတွင် သုံးလဆေးသွင်းခဲ့ရပါကြောင်း၊ ထောင်ထဲတွင် ၎င်း၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် ၎င်းပုဂ္ဂိုလ်အသုံးပြုလျက်ရှိသော ဆေးဝါးများကို တင်သွင်းမှုရ/မရ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မန္တလေး ဇဟိုအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသည့် ဒေါက်တာ ဇော်မြင့်မောင်၏ လတ်တလော ကျန်းမာရေးအခြေအနေသည် သွေးကင်ဆာ၊ ဆီးချိုသွေးချို၊ သွေးတိုး၊ နှလုံးသွေးကြောကျဉ်းရောဂါများရှိနေခြင်းကို သိရှိရပါကြောင်း၊ ပြင်ပကတည်းက ရောဂါခံစားခဲ့ရခြင်းဖြစ်ပါကြောင်း၊ အကျဉ်းထောင်တွင် ကျန်းမာရေး ဆက်လက်ကုသခွင့်ပေးထားပါကြောင်း၊ သွေးကင်ဆာအတွက် ဆေးကို တစ်လနှစ်ကြိမ် ထိုးပေးပါကြောင်း၊ တစ်လကိုတစ်ကြိမ် သွေးစစ်ပေးခြင်းနှင့် ပြင်ပမှ အထူးကုဆရာဝန်များ၏ လမ်းညွှန်မှုနှင့် အကျဉ်းထောင်တွင် ကုသပေးလျက်ရှိကြောင်း၊ နေ့စဉ်ပုံမှန် တစ်ရက်တစ်ကြိမ် အကျဉ်းထောင်အတွင်းမှ ဆေးရုံအုပ်ကြီးကလည်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေါက်တာ ဇော်မြင့်မောင်၏ ကျန်းမာရေး ဆေးကုသမှုအနေဖြင့် အကျဉ်းထောင်မှ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ကျန်းမာရေးကောင်းမွန်အောင် ဆောင်ရွက်ပေးထားပြီး ကျန်းမာရေးကောင်းမွန်မှုရှိကြောင်း၊ ဆောင်ရွက်သည့်နေရာတွင် မည်သည့်အကျဉ်းသား၊ အချုပ်သားကိုမှ ခွဲခြားမထားဘဲ ရသင့်ရထိုက်သောအခွင့်အရေးများကို အကျဉ်းထောင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးထားပါကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့် သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ overtime ဆင်းသောဆရာဝန်များကို ညကြေး ခံစားခွင့်ပေးပါကြောင်း၊ အခြားဝန်ကြီးဌာနများအနေဖြင့် (ဥပမာ-ပြန်ကြားရေးဝန်ကြီးဌာန သတင်းစာရိုက်နှိပ်ရသောဌာနအနေဖြင့် ညတာဝန်ထမ်းဆောင်ရသော ဝန်ထမ်းများရှိကြောင်း)၊ အခြားဝန်ကြီးဌာနများအနေဖြင့်လည်း ညကြေးခံစားခွင့် ဆောင်ရွက်ပေးခြင်း ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိနှင့် သက်ဆိုင်သော ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် မရှိပါကြောင်း၊ သတင်းစာရိုက်နှိပ်ထုတ်ဝေသောလုပ်ငန်းသည် ညပိုင်းတွင် ပြုလုပ်ရသောလုပ်ငန်းတာဝန်ဖြစ်သောကြောင့် လုပ်ငန်းစဉ်အတိုင်းသာ ပြုလုပ်နေကြောင်း၊ အခြားဝန်ကြီးဌာနများအနေဖြင့်လည်း မိမိမေးမြန်းပြီးမှသာ ပြန်လည်ဖြေကြားနိုင်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့် သတင်းဌာနမှ အယ်ဒီတာ ဦးကိုကိုကြီး**က မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်အနီး လှည့်ကင်းဆောင်ရွက်နေသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲနှစ်ဦးကို (4wheel) မော်တော်ယာဉ်ဖြင့် တိုက်၍ ထွက်ပြေးသွားပါကြောင်း၊ ကားပေါ်တွင်ပါလာသော လူခုနစ်ဦးက သေနတ်ဖြင့်ပစ်ခတ်ခြင်းကြောင့် ရဲနှစ်ဦး ကျဆုံးခဲ့ရပါကြောင်း၊ ဆက်စပ်တရားခံများ၏ နေအိမ်များအား လိုက်လံရှာဖွေခဲ့ရာ M-16 အလက် ၂၀ ရှာဖွေတွေ့ရှိခဲ့သည်ကို သိရှိရပါကြောင်း၊ ၎င်းအကြမ်းဖက် အဖွဲ့အစည်းသည် ဘယ်ကလာသည်နှင့် မည်သည့်သင်တန်းဆင်းများဖြစ်သည်ကို မသိရှိရပါကြောင်း၊ ဖမ်းဆီးရရှိမှု ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ၎င်းအဖွဲ့အစည်းနှင့် ဆက်စပ်သည့် လက်နက်ပစ္စည်းများသိမ်းဆည်းရရှိမှု ရှိပါကြောင်း၊ သေတ္တာနှစ်လုံး သိမ်းဆည်းရရှိခဲ့ကာ ၎င်းအဖွဲ့အစည်းကို စုံစမ်းနေပြီး သတင်းအဆက်အစပ် ရရှိနေပြီဖြစ်ကြောင်း၊ မကြာခင်သိရှိရမည်ဖြစ်ကြောင်း၊ မိမိတို့ video file တွင် ပြသခဲ့သည့်အတိုင်း တမူးဘက်မှ လက်နက်လာသယ်သွားသူများရှိကြောင်း၊ ၎င်းတို့နှင့်အဆက်အစပ်ရှိသူများဖြစ်ကြောင်း၊ ဝင်လာသည့် လမ်းကြောင်းလည်း အတူတူဖြစ်ကြောင်း၊ ရောင်းပေးသည့်သူ အတူတူဖြစ်နိုင်ကြောင်း ပြန်လည်ဖြေကြားသည်။





ကလေးမြို့ တောင်ဖီလာရပ်ကွက်ရှိ စာသင်ကျောင်းအား အကြမ်းဖက်သောင်းကျန်းသူများမှ မီးရှို့ဖျက်ဆီးမှုမှတ်တမ်း။

● **သဘာဝဘေးဒဏ်ကူညီကယ်ဆယ်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး အဓိက ဆောင်ရွက်နေခြင်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် ယခင်အစိုးရအဆက်ဆက်လက်ထက်ကတည်းက သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့**

*(ဆက်လက်ဖော်ပြပါမည်)*

## မောက်မယ်မြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

မောက်မယ် ဇွန် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများသည် ဟိုနမ့်ကျေးရွာအုပ်စု ဥယာစန်းကျေးရွာ၊ ပူးထိုကျေးရွာ ၊ ပြင်သာယာကျေးရွာနှင့် အောင်သုခကျေးရွာများမှ ပြည်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပန်းခင်းစီမံချက်အရ ဇွန် ၁၄ ရက်မှစ၍ ကွင်းဆင်းပြုလုပ်ပေးလျက်ရှိရာ အိမ်ထောင်စုဇယားများနှင့်အတူ အသက်(၁၀)နှစ်ပြည့် ၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် (အသစ်+လဲလှယ်+မိတ္တူ) ၁၂၄ ခုကို ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်ရှိနေသေးသည့် ကျေးရွာများမှ ဒေသခံပြည်သူများအတွက်လည်း ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၁) ထွက်ပြီ

**နေပြည်တော် ဇွန် ၁၇**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၁)" စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ရာထူးဝင်စာမေးပွဲများ၊ ပြန်တမ်းဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားသိရှိလိုသည့် အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှ စတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။

ယခု ၂၀၂၁ ခုနှစ်ထုတ်စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊ မြန်မာ့ရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ရေးရာ သိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခြားသိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ထားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့်စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၁ ခုနှစ်၊ ဇွန်လ၌ ထုတ်ဝေပြီး တစ်အုပ်လျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် နေပြည်တော်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန် အရောင်းဆိုင်တို့တွင် လည်းကောင်း၊ ရန်ကုန်မြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ အမှတ် (၂၈၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း ၀၁-၈၂၀၁၉၃၆၊ ၀၁-၈၃၇၁၃၄၀၊ စာပေဗိမာန်အရောင်းဆိုင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင်လည်းကောင်း ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၇၅၈၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈.၇၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၀ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃၈၃၀ | ၃၄၄၇၀၀၀၀ |
| MTSH | ၃၅၀၀ | ၃၆၀၀ | ၂၂၇၁ | ၇၉၀၃၀၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၂၅ | ၅၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၁ | ၂၈၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၆-၂၀၂၁ သောကြာနေ့

**MRTV**

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** MRTV Travelogue
**၀၈:၃၅** ရခိုင်မြေမှသွေးရင်းများ ခမီတိုင်းရင်းသား
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်ဂေါ်ဇေဒ္ဒနံရာ'** (အပိုင်း-၅၅)
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ရူပဗေဒဘာသာရပ်'**
**၁၇:၁၀** NHK အစီအစဉ် **'ဘိလိယက်ကစားနည်း'**
**၁၇:၄၀** စိမ်းလန်းစိုပြည်သာယာဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဝေါ်ဆောင်ရာ'** (အပိုင်း-၅)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** **'ဝဿာန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၂၂:၂၀** ရုပ်မြင်သံကြားဇာတ်လမ်း **'သူငယ်ချင်းသုံးယောက်ရှိလေသည်'**

**mitv**

**07:01** News
**07:27** Evergreen Classic: Myat Day Thanar (Pan Ei Phyu)
**07:34** 19 Hours
**08:01** Entrepreneur: Soe Nyi Nyi
**08:10** Crickets: Seasonal Delicacy & Job Opportunity
**08:27** SMyanmar Handicrafts
**09:01** Discovering Tribes: Akha- Their Life and Customs (Part-1)
**09:17** Traffic Police
**09:24** Next Generation (DJ Tyrah T)
**09:34** Myanmar's Beauty and Nature "Beach"
**10:01** An Ardent Aficionado Of Traditional Design
**10:33** Dances of Myanmar "Lisu Traditional Dance"
**11:43** Products of Myanmar - Pottery Business

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)** ကချင်ရိုးရာစကောထမင်း
**ကယား (၀၈:၀၀ မှ ၁၀:၀၀)** ကယားရိုးရာခေါင်ရည်
**ကရင် (၁၀:၀၀ မှ ၁၁:၀၀)** သံတောင်မြို့အလှနှင့် ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့သဘာဝ
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** ချောင်းသာကမ်းခြေသို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ
**ချင်း (ဖလမ်း) (၁၃:၀၀ မှ ၁၄:၀၀)** ဝဥအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)** ချင်း(ချိုး)ရိုးရာဝတ်စားဆင်ယင်မှုများနှင့် အဓိပ္ပာယ်များ
**မွန် (၁၅:၀၀ မှ ၁၇:၀၀)** ငါးရံ့သရက်သီးချက်
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၆)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့အိုးလက်ရာ
**ဝ (၂၁:၀၀ မှ ၂၃:၀၀)** ချစ်ရမှုတ်မီး(ဇာတ်လမ်း)(အပိုင်း-၁)

**MRTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel
MRTV FARMERS CHANNEL ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel
ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - ဝင်းကျော်
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဂိုဏ်းဂဏစိတ်ကြီးပြီဆိုမှဖြင့် ...

စာချစ်သူ

**အမှန်အတိုင်း ရှုမြင်သုံးသပ်ပြောဆိုရပါမူ ကျွန်တော်တို့နိုင်ငံသားအများစုသည် ဂိုဏ်းဂဏစိတ် အစွဲအလမ်းကြီးကြပါသည်။ ဝေးဝေးမကြည့်ပါနှင့်၊ ရပ်ကွက်ဘောလုံးပြိုင်ပွဲအဆင့်၌ပင် ဂိုဏ်းဂဏစိတ်ကြောင့် ရန်ပွဲများဖြစ်ကာ ဆော်ကြ၊ နှက်ကြ၊ ကွဲကြ၊ ပြဲကြနှင့် အဆုံးသတ်ရသည်က များလေသည်။**

ယုတ်စွအဆုံး လေးပေ ကိုးလက်မ ရပ်ကွက်ကလေးဘောလုံးပြိုင်ပွဲတွင်ပင် ပရိသတ်အချင်းချင်း ရန်မဖြစ်သည့်နှစ် မရှိခဲ့။ သူ့ရပ်ကွက် ကိုယ့်ရပ်ကွက်၊ သူ့အသင်း ကိုယ့်အသင်းဟူသည့် ဂိုဏ်းဂဏစိတ် အစွဲအလမ်းကြောင့် ကိုယ့်ကလေးတွေရယ်လို့ မမြင်ကြတော့။

### ပြိုင်ဆိုင်မှု ပြင်းထန်

မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဆိုလျှင် ပို၍ပြိုင်ဆိုင်မှု ပြင်းထန်လေသည်။ ကျွန်တော်သည် ၁၉၈၇ ခုနှစ်နှင့် ၁၉၉၂ ခုနှစ်များက မြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်ကိုယ်စားပြု နှစ်ကြိမ်ပါဝင်ကစားခဲ့ဖူးသည်။

ပြိုင်ဘက်အသင်း ဂိုးပေါက်သို့ ဘောလုံးဆွဲသွားလျှင် ပြိုင်ဘက်ရပ်ကွက် ပရိသတ်အချို့က ဆဲဆိုကြသည်။ ခြိမ်းခြောက်ကြသည်။ အချို့ဘောလုံးသမားများဆိုလျှင် လေးခွနှင့်ပင် အပစ်ခံရလေသည်။ ဘောလုံးပွဲပြီးလို့ ပြိုင်ဘက်အသင်းဘက်အခြမ်း ရောက်နေခဲ့ပါမူ လူအုပ်စုကြားတွင် မည်သူ့လက်ချက်မှန်းမသိရဘဲ ရန်ပြုခံရမည်စိုး၍ ကိုယ့်အသင်းဘက်သို့ အမြန်ပြေးရလေသည်။

၁၉၉၂ ခုနှစ် မြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင်မူ မည်သည့်ရပ်ကွက် အသင်းကမှ ဆုဖလား မဆွတ်ခူးလိုက်ရ။ ပွဲစဉ်တစ်ဝက်တစ်ပျက်မှာပင် ပရိသတ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားပြီး ပရိသတ်တစ်ဦးသေဆုံးသွား၍ပြိုင်ပွဲကိုရပ်နားလိုက်ရသည်။

ကျွန်တော်တို့ နိုင်ငံသားများ၏ ဂိုဏ်းဂဏစိတ်အစွဲအလမ်းက ဤမျှပြင်းထန်ပါသည်။ အမှန်တကယ်အားဖြင့်မူ အဆိုပါ ရပ်ကွက်ဘောလုံးပြိုင်ပွဲမှတစ်ဆင့် ရေ့အလားအလာရှိသူ၊ ထူးချွန်သူ လူငယ်ဘောလုံးသမားလေးများ ပေါ်ထွက်လာပါက ကိုယ့်မြို့နယ်၊ ကိုယ့်တိုင်း၊ ကိုယ့်နိုင်ငံလက်ရွေးစင်အတွက် အားထားရပေမည်ဟု ထိုသို့တွေးမိသူက ရှားပါးလှပါသည်။

### ဂိုဏ်းဂဏစိတ်အစွဲအလမ်း

ထိုသို့သော ဂိုဏ်းဂဏစိတ်အစွဲအလမ်းသည် တစ်ခါတစ်ရံ ဥပါဒါန် အစွဲအလမ်းများကို ဖယ်ခွာရန် ကျင့်ကြံပွားများအားထုတ်ရသည့် ဘာသာရေးနယ်ပယ်သို့ပင် ရောက်လာတတ်သေးသည်။

ကျွန်တော်လည်း နုငယ်စဉ်က ထိုသို့ဖြစ်ခဲ့ဖူးပါသည်။ မိဘဆရာသမားများက မင်းကွန်းတောရရိပ်သာယောဂီများပေမို့ ကျွန်တော်ငယ်စဉ်က ကိုရင်ဝတ်တော့လည်း မင်းကွန်း၊ တရားစခန်းရိပ်သာဝင်တော့လည်း မင်းကွန်းတောရရိပ်သာမို့ ဂိုဏ်းဂဏစိတ် အစွဲအလမ်းက ရင်ထဲမသိမသာပူးကပ်လာသည်။ မင်းကွန်းရိပ်သာက ဝိပဿနာမှ နိဗ္ဗာန်ဖောင်ကူးတို့ဟု ထင်မြင်လာသည်။

အရွယ်ရောက်လို့ ဓမ္မစာပေများကို လေ့လာဖတ်ရှုရတော့မှ ဂိုဏ်းဂဏစိတ်အစွဲအလမ်းတို့သည် လျော့ပါးကုန်လေ၏။ သို့နှင့် မိုးကုတ်ဆရာတော်ကြီး၏ စိတ္တာနုပဿနာကိုလည်း အခါအားလျော်စွာ ရှုမှတ်ပါ၏။ မဟာစည်ဆရာတော်ကြီး၏ ဖောင်းတယ်၊ ပိန်တယ်ဟူသည့် ဝမ်းဗိုက်က ဝါယောဓာတ်၏ တွန်းမှုကန်မှုအပေါ်လည်း အခါအားလျော်စွာရှုမှတ်ပါ၏။ သဲအင်းဂူ ဆရာတော်ကြီး၏ ရှုရှိုက်ကိုလည်း အခါအားလျော်စွာ ရှုမှတ်ပါ၏။ ဝိပဿနာကျင့်စဉ်အားလုံးသည် မြတ်ဗုဒ္ဓ၏ ဓမ္မတစ်ခုတည်းသာ ဖြစ်သည်ဟု ရှုမြင်လိုက်မိသည်နှင့် ဂိုဏ်းဂဏစိတ် အစွဲအလမ်းတို့သည် ပျောက်ကွယ်သွားလေ၏။ သို့တစေ အချို့လူတို့တွင်မူ ကိုယ့်ရိပ်သာမှ ကိုယ့်ရိပ်သာဟူသည့် ဂိုဏ်းဂဏအစွဲအလမ်းများကား ကျန်ရှိနေဆဲ။

နိုင်ငံရေးနယ်ပယ်တွင်မူ သာ၍ ဂိုဏ်းဂဏစိတ်သည် ပြင်းထန်ကြီးမားပြန်သည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ဂိုဏ်းဂဏစိတ် အတော့်ကိုကြီးမားခဲ့ပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ (CPB)ကို ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ရန်ကုန်မြို့ ဘားလမ်းရှိ တိုက်ခန်းငယ်လေးတစ်ခု၌ သခင်အောင်ဆန်း၊ သခင်သိန်းဖေ၊ သခင်ဗဟိန်းနှင့် သခင်လှဖေ (ဗိုလ်လက်ျာ)စသည့် မြန်မာပညာတတ်လူငယ်တစ်စုက စတင်တည်ထောင်ခဲ့သည်။

သခင်အောင်ဆန်းသည် BIA၊ BDA ခေတ်တွင် မြန်မာ့တပ်မတော်၏ ဦးစီးခေါင်းဆောင်ဖြစ်လာသောအခါတွင်မူ CPB ပါတီနှင့် တစ်စတစ်စကင်းကွာလာခဲ့ပြီး သခင်စိုး၊ ဂိုရှယ် ခေါ် ရဲဘော်ဘတင်၊ ဒေါက်တာနတ်(ဂ်)ခေါ် ရဲဘော်ထွန်းမောင်၊ သခင်ဗဟိန်း၊ သခင်သန်းထွန်း၊ သခင်သိန်းဖေနှင့် သခင်ဗသိန်းတင်တို့က CPB ၏ အလံတော်ကို ဆက်လက်ဆုပ်ကိုင်ခဲ့ကြသည်။

**❖ CPB ပါတီ၏ မြေယာတော်လှန်ရေး၊ အာဏာနီတည်ဆောက်ရေး လမ်းစဉ်များကြောင့် ကျေးလက်နေပြည်သူများမှာ ဒုက္ခဝေခဲ့ကြရသည်။ ရိုးသားသော ကျေးလက်နေပြည်သူများနှင့် မြေရှင်များကို အစိုးရဒေါက်တိုင်အဖြစ်စွပ်စွဲကာ စိတ်ထင်တိုင်းကြဲ သတ်ဖြတ်ခဲ့မှုများကြောင့် CPB ပါတီမှာ လူထုနှင့် တစ်စတစ်စကင်းကွာလာခဲ့**

### လူကြိုက်များရေပန်းစား

ဆိုရလျှင် ဗမာပြည်ကွန်မြူနစ်ပါတီသည် စတင်တည်ထောင်စဉ်မှ ၁၉၄၁ ခုနှစ်အထိ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲနှင့် အမျိုးသားရေးလှုပ်ရှားမှုများတွင် တက်တက်ကြွကြွ ဆင်နွှဲခဲ့သည့် အမျိုးသားရေးအင်အားစုတစ်ခု ဖြစ်ခဲ့ပေသည်။

သခင်စိုးနှင့် သခင်သန်းထွန်းတို့၏ အကွဲအပြဲနောက်ပိုင်းတွင်မူ သခင်သန်းထွန်း၏ သဘောထားသည်ပင် CPB ၏ တရားဝင်ပေါ်လစီဖြစ်လာသည်။ CPBသည်အလုပ်သမား၊တောင်သူလယ်သမားတို့၏ လှုပ်ရှားမှုထဲသို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ပြီး "သီးစားခ မပေးရေး"၊ "အခွန် မဆောင်ရေး" တိုက်ပွဲများ ဆင်နွှဲကြရန် စည်းရုံးလှုံ့ဆော်ခဲ့သည်။ ဤလှုပ်ရှားမှုများကြောင့် ထိုခေတ်က CPB မှာ ကျေးလက်ဒေသတွင် လူကြိုက်များရေပန်းစားလာသည်။

သို့တစေ ဂိုဏ်းဂဏစိတ်ကြီးမားသော သခင်သန်းထွန်း ဦးဆောင်သော CPB ပါတီသည် ဗိုလ်ချုပ်အောင်ဆန်းကိုပင် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ စတင်လုပ်ဆောင်လာသည်။ ကွန်မြူနစ်နေ့စဉ်သတင်းစာနှင့် ပြည်သူ့အာဏာအပတ်စဉ် ဂျာနယ်တို့မှ တစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ချုပ်ကို ထိုးနှက်ကြသည်။ ဖဆပလ၏ အောင်မြင်မှုများကို CPB ပါတီက စွမ်းဆောင်ခဲ့သယောင် ဝါဒဖြန့်၍ မအောင်မြင်ခဲ့သည်များကိုမူ ဖဆပလကို ထိုးချကာ နိုင်ငံရေးအမြတ်ထုတ်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလကို ဖြိုဖျက်သွားသည့် ဖြိုဖြိုဖျက်ကြောင့် (?) ...

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလကို ဗြိတိသျှတို့ လမ်းခင်းပေးသော ဘုရင်ခံအမှုဆောင်ကောင်စီထဲ ပါဝင်မှုကြောင့် အမျိုးသားရေးသစ္စာဖောက်အဖြစ် စွပ်စွဲလာသည်။

ဤသို့ ဂိုဏ်းဂဏစိတ်အစွဲအလမ်းဖြင့် လုပ်ဆောင်လာခဲ့မှုကြောင့် ၁၉၄၆ ခုနှစ် အောက်တိုဘာလတွင် CPB ပါတီကို ဖဆပလထဲမှ ထုတ်ပယ်ပစ်ခဲ့ရသည်။

### နိုင်ငံရေးလမ်းစဉ်အရ မှားယွင်း

CPB ပါတီသည် နိုင်ငံရေးလမ်းစဉ်အရလည်း မှားယွင်းခဲ့ပြန်သည်။ ပါလီမန်လမ်းကြောင်းကို အားမပြုဘဲ လူထု လူတန်းစားအဖွဲ့အစည်းများကြားတွင်သာ မိမိ၏ အာဏာအခြေခံကို အဓိကထား တည်ဆောက်ခဲ့သည်။

ပျဉ်းမနားမြို့၌ကျင်းပသော တောင်သူလယ်သမားညီလာခံနှင့် ၁၉၄၈ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင်ကျင်းပသော ဂျပန်တော်လှန်ရေးအထိမ်းအမှတ် လူထုအစည်းအဝေးကြီးတို့တွင် တက်ရောက်လာကြသည့် အလုပ်သမားထုကြီးကို အကဲဖြတ်၍ သခင်သန်းထွန်းနှင့် CPB တို့သည် စိတ်အားထက်သန်တက်ကြွလာခဲ့ကြသည်။ အိန္ဒိယကွန်မြူနစ်ပါတီ(CPI)နှင့် ပြည်ပ ကွန်မြူနစ် အဖွဲ့အစည်းတို့ကလည်း "တော်လှန်ရေးသည် ရင့်မှည့်နေပြီ"ဟု ရှုမြင်သုံးသပ် အခါတော်ပေးခဲ့ကြပြန်သည်။

CPB ပါတီ၏ ထိုသို့သော ခြေလှမ်းများကြောင့် ဖဆပလအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းက CPBပါတီ၏ထိပ်တန်းခေါင်းဆောင်များကို မတ်လ ၂၇ ရက်နေ့ညမှာပင် ဖမ်းဆီးရန် အမိန့်ပေးခဲ့လေသည်။ သို့တစေ ထိုနေ့ မနက် ၁၁ နာရီခွဲတွင် ပေါလစ်ဗျူရိုအဖွဲ့ဝင်များဖြစ်ကြသော သခင် သန်းထွန်း၊ သခင်ဗသိန်းတင်နှင့် ရဲဘော်ဘတင် (ဂိုရှယ်)တို့သည် အရေးပေါ်အစည်းအဝေးကျင်းပကာ မြေအောက်လုပ်ငန်းတာဝန်ခံများမှလွဲ၍ ရန်ကုန်ရှိ ပါတီဝင်အားလုံး ကျေးလက်ဒေသများသို့ ထွက်ခွာသွားကြရန် အမိန့်ပေးခဲ့သည်။

### ကွန်မြူနစ်တို့၏ တော်လှန်ပုန်ကန်မှု

၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင်မူ CPB ပါတီသည် ကျေးလက်ကိုအခြေခံ မြို့တွေသိမ်း၊ မဟာဗျူဟာအရ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြလေသည်။ ကွန်မြူနစ်တို့၏ တော်လှန်ပုန်ကန်မှုမှာ တစ်နှစ်အတွင်းမှာပင် တိုင်းပြည်အနှံ့ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ သို့ရာတွင် အထက်ဗမာပြည် စစ်ဆင်ရေး အရေးနိမ့်သွားသောအခါ CPB တိုက်ခိုက်ရေးတပ်များမှာ အကြီးအကျယ်စိတ်ဓာတ်ကျဆင်းသွားလေတော့သည်။

ထို့ပြင် CPB ပါတီ၏ မြေယာတော်လှန်ရေး၊ အာဏာနီတည်ဆောက်ရေး လမ်းစဉ်များကြောင့် ကျေးလက်နေပြည်သူများမှာ ဒုက္ခဝေခဲ့ကြရသည်။ ရိုးသားသော ကျေးလက်နေပြည်သူများနှင့် မြေရှင်များကို အစိုးရဒေါက်တိုင်အဖြစ်စွပ်စွဲကာ စိတ်ထင်တိုင်းကြဲ သတ်ဖြတ်ခဲ့မှုများကြောင့် CPB ပါတီမှာ လူထုနှင့် တစ်စတစ်စကင်းကွာလာခဲ့သည်။

အာဏာနီတည်ဆောက်ရေးအဖွဲ့သည် "လူဆိုလျှင် ကျင်း၊ နွားဆိုလျှင် ဟင်း၊ လှည်းဆိုလျှင်ထင်း" ဟူသော ကြွေးကြော်သံကို ဖော်ထုတ်ခဲ့ကြသည်။ ပြည်ခရိုင် အာဏာနီတည်ဆောက်ရေးကာလ၏ ခြောက်လခရီးအတွင်း CPB ပါတီသည် ပေါက်ခေါင်းနှင့် ပေါင်းတည်မြို့နယ်တို့ရှိ တောင်သူလယ်သမား စုစုပေါင်း ၁၅၀ ကျော်ကို အာဏာနီတည်ဆောက်ရေး၏ရန်သူများအဖြစ်စွပ်စွဲကာ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။

အာဏာနီတည်ဆောက်ရေး၏ ရန်သူများအဖြစ် သတ်မှတ်ခံရသူတို့အား လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုသော ဝါးရင်းတုတ်များကို "ငဆော်ကြီး"ဟူ၍လည်းကောင်း၊ ဓားမများကို "ငခုတ်ကြီးများ"ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။

သခင်သန်းထွန်းကလည်း "ရန်သူ့စစ်တပ်ကို ချေမှုန်း၊ ဖောက်ပြန်တဲ့အာဏာကို ဖြိုချ၊ တော်လှန်တဲ့ အာဏာနီတည်ထောင်၊ ဒါဟာ ပေါက်ခေါင်းလမ်း" ဟုဆိုကာ လမ်းညွှန်ခဲ့သည်။

တစ်ချိန်တည်းမှာပင် CPB ပါတီ၏ ဗဟိုစစ်ကော်မတီသည် -

"ပေါက်ခေါင်းလမ်းကြောင်းအတိုင်း လိုက်ကြ"

"ကျေးလက်အာဏာနီကို အစွမ်းကုန်တည်ဆောက်ကြ"

"ပါတီတွင်းမှ ပြန်လည်ပြင်ဆင်ရေးသမားများကို ဖြုတ်-ထုတ်-သတ်ကြ"

"ကျေးလက် နေဝင်းလေးများကို သုတ်သင်ကြ၊ ချေမှုန်းကြ"

ဟူသည့် ကြွေးကြော်သံများကို ထုတ်ပြန်ခဲ့လေသည်။

တစ်ဖန် CPB ပါတီသည် ပါတီတွင်း ဖြုတ်-ထုတ်-သတ် လမ်းစဉ်အရ ရဲဘော်ငွေး၊ ရဲဘော်ဘတင်(ဂိုရှယ်)၊ ဗိုလ်ထွန်းငြိမ်း၊ ရဲဘော်ထွန်းရှိန်စသည့် ဗဟိုကော်မတီဝင်များ၊ ပီကင်းပြန်များ၊ ရဲဘော်ဘသန်း၊ ရဲဘော်ထွန်းကျော်(ခ)မောင်စိုးဝင်း၊ ရဲဘော် ဘိုးသာ(ခ) ကျော်ရင်၊ ရဲဘော်တင်ဟန်၊ ရဲဘော်ခင်ဝင်းစသည့် တက္ကသိုလ်ကျောင်းသားများကို ပါတီသစ္စာဖောက်များ၊ တန်ပြန်တော်လှန်ရေးနှင့် ပြန်လည်ပြင်ဆင်ရေးသမားများဟု စွပ်စွဲကာ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အရ တပ်နီလူငယ်များက ရက်ရက်စက်စက် ညှဉ်းပန်းသတ်ဖြတ်ခဲ့ကြလေသည်။

### ဇာတ်တူသားစားခဲ့မှု

ထိုသို့ဇာတ်တူသားစားခဲ့မှုကြောင့် CPB ပါတီ၏ ဥက္ကဋ္ဌ သခင်သန်းထွန်းသည်လည်း ၁၉၆၈ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့ ညနေတွင် မြစ်ဝကျွန်းပေါ်တိုင်းတည်ဆောက်ရေးတပ်ဖွဲ့မှ ရဲဘော်မြကြီး၏ အနီးကပ်လုပ်ကြံပစ်ခတ်မှုကြောင့် ကျဆုံးခဲ့ရလေသည်။ သခင်သန်းထွန်း၏နေရာကို ဆက်ခံသော CPB ပါတီ ဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူး သခင်ချစ်တို့သည်လည်း ၁၉၇၅ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် တပ်မတော်၏ထိုးစစ်ကြောင့် ကျဆုံးခဲ့ရပြန်လေသည်။

*စာမျက်နှာ ၂၁ သို့*

# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာ၌ မီးလောင်ခဲ့မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်အား သတင်းထုတ်ပြန်ခြင်း

နေပြည်တော် ဇွန် ၁၇

**မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာရှိ ဖောက်ခွဲရေးပစ္စည်းများနှင့် လက်လုပ်သေနတ်များ ပြုလုပ်ရောင်းချနေသူများအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စဉ် ကျေးရွာအနီးအရောက် လက်နက်ကိုင်အကြမ်းဖက်သူများက ပစ်ခတ်တိုက်ခိုက်၍ ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။**



ထိုသို့ ကင်းမကျေးရွာရှိ လူနေအိမ်များအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့မှုနှင့်ပတ်သက်၍ သတင်းမီဒီယာအချို့က လူမှုကွန်ရက်စာမျက်နှာပေါ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မဟုတ်မမှန် စွပ်စွဲရေးသားနေကြသည်ကို တွေ့ရှိရသည်။

ကင်းမကျေးရွာရှိ လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်စဉ်မှာ ဇွန် ၁၃ ရက် ည ၁၂ နာရီ ၄၅ မိနစ်တွင် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ရှားလှကျေးရွာအုပ်စု ဝန်ကြီးကျေးရွာနေ ဦးစိန်မောင်၏ နေအိမ်၌ ၎င်းနှင့်အတူ အမျိုးသား ငါးဦးတို့ စကားပြောနေစဉ် ကျော်မင်းနိုင်ပါ အမျိုးသားသုံးဦးက လက်လုပ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဦးစိန်မောင်နှင့် ကိုမင်းမင်းစိုးတို့တွင် ပေါက်ပြဲဒဏ်ရာအသီးသီးရရှိခဲ့၍ လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သူ ကျော်မင်းနိုင်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးများအား ပေါက်မြို့နယ် ကင်းမကျေးရွာရှိ အမျိုးသားတစ်ဦးထံမှ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းခဲ့ရာ အဆိုပါအမျိုးသားမှာ ကင်းမကျေးရွာတွင် နေထိုင်ပြီး တစ်ရွာတည်းနေ NLD ပါတီဝင်တစ်ဦးနှင့် ယခင်ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦးတို့၏ ငွေကြေးထောက်ပံ့မှုဖြင့် လက်လုပ်သေနတ်များ၊ လက်လုပ်ဗုံးများပြုလုပ်ကာ ကျေးရွာအတွင်း ရောင်းချနေကြောင်း ထပ်မံသိရှိခဲ့ရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ကင်းမကျေးရွာသို့ ဇွန် ၁၅ ရက်တွင် သွားရောက်ခဲ့သည်။

ထိုသို့သွားရောက်စဉ် ကျေးရွာဆိုင်းဘုတ်အနီးရှိ အကြမ်းဖက်သူ ၁၀ ဦးခန့်က တောင်ကုန်းပေါ်မှ တူမီးသေနတ်များ၊ လက်လုပ်ဗုံးများဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများက တောင်ကုန်းပေါ်မှ ဆုတ်ခွာသွားခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ တောင်ကုန်းပေါ်သို့ အသေးစိတ်ပိတ်ဆို့ရှာဖွေခဲ့စဉ် အကြမ်းဖက်သူများက ထပ်မံချောင်းမြောင်းပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ပြီး ကင်းမကျေးရွာအတွင်းသို့ ဝင်ရောက်ရန် ကြိုးစားခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်စဉ် ကင်းမကျေးရွာအတွင်း ထွက်ပြေးဝင်ရောက်သွားသော ဒေသခံ PDF အကြမ်းဖက်အဖွဲ့များ၊ ချင်းပြည်နယ်ဘက်မှ ရောက်ရှိလာသော လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက အဆိုပါကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဦးကျော်ငွေး၏ နေအိမ်အား မီးရှို့ဖျက်ဆီးခဲ့ရာမှ ကျေးရွာအတွင်းရှိ နေအိမ်များအား မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဇွန် ၁ ရက်တွင် အဆိုပါကျေးရွာနေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဦးညိုချောအား အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးသတ်ဖြတ်ခဲ့မှု ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးရန်လာရောက်သော လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့နှင့် ကျေးရွာရှိ PDF အကြမ်းဖက်အဖွဲ့များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ရွာသူ၊ ရွာသားအများစုမှာ ကျေးရွာတွင် နေထိုင်ခြင်းမရှိတော့ဘဲ မိမိတို့ဆွေမျိုးများရှိရာ မြို့/ရွာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသဖြင့် ကျေးရွာအတွင်း၌ အိမ်စောင့်၊ သက်ကြီးရွယ်အိုများနှင့် PDF အကြမ်းဖက်အဖွဲ့များသာ ကျန်ရှိကြသဖြင့် မီးငြိမ်းသတ်နိုင်ခြင်းမရှိဘဲ မီးကူးစက်လောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် မီးငြိမ်းသတ်ရန် ရွာသူ၊ ရွာသားများ မရှိခြင်း၊ မီးသတ်ယာဉ်များ လာရောက်မီးငြိမ်းသတ်ရန် အခက်အခဲရှိခြင်း၊ မီးငြိမ်းသတ်ရန် ရေရှားပါးခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့သော်လည်း အိမ်ခြေ ၁၀၀ ခန့် မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ပြင်အတွင်းရှိ မီးလောင်ကျွမ်းဆဲနေအိမ်နှစ်လုံးအတွင်းမှ အသက် ၈၃ နှစ်အရွယ်ရှိ အဘွား ဒေါ်ခင်စုနှင့် အသက် ၈၁ နှစ်အရွယ်ရှိ အဘွား ဒေါ်ထွားစိန်တို့နှစ်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်၍ မီးဘေးကင်းလွတ်သည့် ကျေးရွာဘုန်းကြီးကျောင်းသို့ ထမ်းပိုးပို့ဆောင်ပေးခဲ့သည်။

ထိုကဲ့သို့ အကြမ်းဖက်သူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အဆိုပါကျေးရွာ ဘုရားကုန်းပေါ်ရှိ စေတီနှစ်ဆူ၊ ဇရပ်နှစ်ဆောင်၊ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းဆောင်နှစ်ဆောင်၊ ဆောက်လက်စ တစ်ဆောင်နှင့် အိမ်ခြေ ၂၀ ခန့်မှလွဲ၍ ကျန်လူနေအိမ်ခြေ အဆောက်အအုံများအားလုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး ညနေ ၆ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့သည်။

ကင်းမကျေးရွာရှိ PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် ချင်းပြည်နယ်ဘက်မှ ရောက်ရှိလာသော လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများသည် ကင်းမကျေးရွာအား ၎င်းတို့ကိုယ်တိုင် မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအပေါ် ပြည်သူလူထုနှင့် နိုင်ငံတကာကပါ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် NLD ပါတီကို ထောက်ခံသူများ၊ PDF များ၊ အစွန်းရောက်အကြမ်းဖက်သမားများ၊ သတင်းမီဒီယာအချို့က Facebook လူမှုကွန်ရက်စာမျက်နှာပေါ်တွင် မြေပြင်ပကတိ အခြေအနေအမှန်နှင့် ဆန့်ကျင်ကာ မဟုတ်မမှန် လုပ်ကြံဖန်တီး ရေးသားဖော်ပြနေကြခြင်းသာ ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၂၀ မှ*

သခင်ဇင်နှင့် သခင်ချစ်တို့ကျဆုံးပြီးနောက် ၁၉၇၅ ခုနှစ်တွင် ဗဟိုကော်မတီသစ်ကို တိုးချဲ့ဖွဲ့စည်းခဲ့သည်။ အရှေ့မြောက်အုပ်စုမှာ ယခင်ကကဲ့သို့ တရားမဝင်မဟုတ်တော့ဘဲ CPB ၏ တရားဝင် ခေါင်းဆောင်မှုဖြစ်လာခဲ့သည်။ သခင်ဗသိန်းတင်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခဲ့ကြသည်။

ထို့နောက် ၁၉၇၅ ခုနှစ် အောက်တိုဘာလတွင် “၇၅၁၀” (အောက်တိုဘာ ၁၉၇၅)ဟု အမည်ဝှက်ပေးထားသော စီမံချက်အသစ်ကို ရေးဆွဲကာ တစ်ဖက်အိမ်နီးချင်းညီနောင်ပါတီ၏ အကူအညီဖြင့် အရှေ့မြောက်အခြေခံဒေသကို သံလွင်အရှေ့ခြမ်းမှ အနောက်ခြမ်းသို့တိုးချဲ့ပြီး ထိုမှတစ်ဆင့် မြန်မာပြည်အလယ်ပိုင်းသို့ ပြန်လည်ဝင်ရောက်ရန်၊ ထိုဒေသရှိ ဆုံးရှုံးလက်လွှတ်ခဲ့ရသော အမာခံဒေသများကို ပြန်လည်တည်ဆောက်ရန် ရည်မှန်းချက်ထားခဲ့သော်လည်း မြန်မာ့တပ်မတော်၏ တိုက်စွမ်းရည်ကြောင့် အရေးနိမ့်ခဲ့ရပြန်သည်။

၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မြန်မာ့တပ်မတော်က အရှေ့မြောက်ဒေသသို့ ၎င်း၏ ပထမဆုံးတန်ပြန်ထိုးစစ်အဖြစ် “မင်းရန်အောင်(၁)” စစ်ဆင်ရေးကြီးကို စတင်ဆင်နွှဲခဲ့ပြီး ကျယ်ပြောလှသော မော်ဖဒေသကြီးအား ပြန်လည်သိမ်းပိုက်ခဲ့၏။ ပန်ဆန်းအနောက်ဘက် ကီလိုမီတာ ၃၀ မျှသာကွာသော လွယ်ရှားတောင်ကုန်းတွင်လည်း ရှေ့တန်းအခြေခံစခန်းတစ်ခုကို တည်ဆောက်နိုင်ခဲ့သည်။

ထိုသို့စစ်ရေးရှုံးနိမ့်မှုများအပြင် အိမ်နီးချင်းညီနောင်ပါတီ၏ ပေါ်လစီအရွေ့ အပြောင်းအလဲတို့ကြောင့် CPB ပါတီသည် စစ်ရေးနိုင်ငံရေးတို့တွင် အကျပ်အတည်းများဖြစ်လာပြီး အောက်ခြေတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တန်ပြန်တော်လှန်ပုန်ကန်မှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရလေတော့သည်။

ပန်ဆန်းတွင် အခြေပြုထားသော CPB ပါတီ၏ အသက်အရွယ်ကြီးရင့်လှပြီဖြစ်သော မော်ဝါဒီ CPB ခေါင်းဆောင်ကြီးများသည် နယ်ခြားမြစ်လေးနာမ်ခကိုဖြတ်ကာ တစ်ဖက်နိုင်ငံထဲသို့ ဒရောသောပါးထွက်ပြေးသွားခဲ့ရလေသည်။

**ကွန်မြူနစ်များ၏ တော်လှန်ရေး**

ဤသို့ဖြင့် အာရှဒေသ၏ အရှည်ကြာဆုံး ကွန်မြူနစ်ပုန်ကန်ထကြွမှုများထဲမှ တစ်ခုဖြစ်သော မြန်မာကွန်မြူနစ်များ၏ တော်လှန်ရေးမှာ ၁၉၈၉ ခုနှစ် ဧပြီလ ၁၆ ရက်နေ့ညတွင် နိဂုံးကမ္ဘတ်အဆုံးသတ်သွားခဲ့ရလေသည်။

၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် မြန်မာ့သမိုင်းအတွင်း စတင်သန္ဓေတည် မွေးဖွားလာခဲ့သည့် CPB ပါတီသည်လည်း နှစ်ပေါင်း ၅၀ အကြာတွင် သမိုင်းနိဂုံး ချုပ်ငြိမ်းသွားခဲ့ရလေသည်။

**သွေးခင်းသောလမ်း**


CPB ပါတီသည် ဂိုဏ်းဂဏစိတ်ကို အခြေခံ၍ ပါလီမန်ခေတ်တွင် ပါလီမန်လမ်းကြောင်းကို သွေဖည်ကာ လက်နက်ကိုင်တော်လှန်ရေးလမ်းကြောင်းကိုသာ ရွေးချယ်ခဲ့ခြင်း၊ တစ်ဖန်ငြိမ်းချမ်းရေးကို ကျောခိုင်းကာ စစ်နိုင်ရေး၊ အာဏာသိမ်းရေးဟူသည့် ဖင့် လမ်းစဉ်ကို ရွေးချယ်ခဲ့ခြင်း၊ သခင်သန်းထွန်းနှင့် ပီကင်းပြန်တို့သည် ပြည်ပအဖွဲ့အစည်းများ၏ လမ်းစဉ်အတိုင်း မြန်မာ့မဟာယဉ်ကျေးမှု တော်လှန်ရေး(ပါတီတွင်း အာဏာသိမ်းပွဲ)ကို ဆင်နွှဲကာ ကျောရိုးတပ်နီလူငယ်များကို မွေးမြူလေ့ကျင့်၍ ဖြုတ်ထုတ်သတ်လမ်းစဉ်အရ ပါတီတွင်း သွေးခင်းသောလမ်းကို လျှောက်လှမ်းခဲ့ခြင်း၊ ရိုးသားသော ကျေးလက်နေပြည်သူလူထုအား ခနေရှင်များ၊ ဖောက်ပြန်ရေးသမားများ၊ အစိုးရ၏ ဒေါက်တိုင်များဟု မဟုတ်တမ်းတရမ်းစွပ်စွဲသတ်ဖြတ်၍ အာဏာနီတည်ဆောက်ခဲ့ခြင်းစသော နိုင်ငံရေးလမ်းစဉ်အမှားများကြောင့် မြန်မာ့သမိုင်းတွင် အရုပ်ဆိုး၊ အကျည်းတန်စွာ နိဂုံးကမ္ဘတ်ချုပ်ငြိမ်းသွားခဲ့ရခြင်းဖြစ်သည်။

**ဂိုဏ်းဂဏစိတ်**

**ငါနှင့်မတူ ငါ့ရန်သူဟူသည့် ဂိုဏ်းဂဏစိတ်အစွဲအလမ်းများကား ကြောက်မက်ဖွယ်ကောင်းလေစွ။ ပစ္စက္ခ ပါတီစုံဒီမိုကရေစီခေတ်တွင် နိုင်ငံရေးပါတီများ၊ ဝန်းရံထောက်ခံသူများအနေဖြင့်လည်း CPB ပါတီ၏ သမိုင်းအပေါ် နိုင်ငံရေးသင်ခန်းစာရယူကာ နိုင်ငံရေးဝါဒလမ်းစဉ်နှင့် နိုင်ငံရေးရပ်တည်ချက်များ ကွဲပြားခြားနားမှုရှိသော်ငြား နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဘုံအကျိုးစီးပွားအတွက်ဆိုပါလျှင် ဂိုဏ်းဂဏစိတ်ကို ရှေ့တန်းမတင်မိကြစေဖို့ သတိပေးနှိုးဆော်လိုက်ရပါသည်။**

**ကျမ်းကိုး ။ ။ ကျော်ဝင်း၏ ဗမာပြည်ကွန်မြူနစ်ပါတီ၏ နေထွက်ချိန်နှင့် နေဝင်ချိန်၊ ရဲဘော်မြ၏ သခင်သန်းထွန်း၏ နောက်ဆုံးနေ့များ (ဒုတိယတွဲ)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-စစ၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



မုစလိန္ဒအိုင်



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၁ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၂၀ ပြည့်နှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၄)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ဒေါ်အေးအေးမြင့်
### အသက်(၇၄)နှစ်

ရန်ကုန်မြို့နေ(ဦးတင်မြင့်-ဒေါ်ခင်နွဲ့)တို့၏သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၀)ရပ်ကွက်၊ ရောလမ်း၊ အမှတ် ၃၆၅(က)နေ ဦးတင်မောင်ထွန်း၏ဇနီး၊ (ဗိုလ်မှူးကြီးကြည်ညွန့်-ဒေါ်မြမြမြင့်)၊ (ဦးခင်မောင်မြင့်)-ဒေါ်ခင်အေးမြိုင်၊ (ဦးခင်မောင်တင့်)-ဒေါ်နော်လုလုကျော်တို့၏ညီမ၊ ဦးတင်အောင်-ဒေါ်မော်လီမြင့်၊ ဦးမောင်လ(ခ)ဦးပီတာ-ဒေါ်ချိုချိုမြင့်တို့၏ အစ်မ၊ ဦးသက်ထွန်းဦး-ဒေါ်မြဇာခြည်စိုး၊ ဗိုလ်မှူးအောင်မြင့်ထွန်း-ဒေါ်နန်းမြထွေးတို့၏မွေးသမိခင်၊ မရွှန်းလဲ့ရည်မွန်၊ မသော်တာကြယ်စင်တို့၏အဘွားသည် ၁၆-၆-၂၀၂၂ရက် ည ၁၀း၂၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ဇွဲပိန်းသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေးမြင့်
### အသက် (၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၃၆၅(က)၊ ရောလမ်း၊ ၄၀ရပ်ကွက်နေ ဒေါ်အေးအေး မြင့်သည် ၁၆-၆-၂၀၂၂ရက် ည ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**အစ်မကြီး-(ဒေါ်မြမြမြင့်)နှင့် မိသားစု**
**အစ်ကိုကြီး-(ဦးခင်မောင်မြင့်)နှင့် မိသားစု**
**အစ်ကိုလေး-(ဦးခင်မောင်တင့်)နှင့် မိသားစု**
**ညီမ-ဒေါ်မော်လီမြင့်နှင့် မိသားစု၊ ဒေါ်ချိုချိုမြင့်နှင့် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေးမြင့်
### အသက် (၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်၃၆၅(က)၊ ရောလမ်း၊ ၄၀ရပ်ကွက်နေ ဒေါ်အေးအေးမြင့်သည် ၁၆-၆-၂၀၂၂ရက် ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အစ်မကြီး-(ဗိုလ်မှူးကြီး ကြည်ညွန့်-ဒေါ်မြမြမြင့်)**
**တူမ-ဦးအောင်ဖြိုးသန်း (Master F.G)-ဒေါ်ဖြူဖြူသန့်**
**တူ-ဦးထွန်းနိုင်ဦး-ဒေါက်တာ ဒေါ်သီရိထွန်း(ရောဂါဗေဒပါရဂူ)**
**မြေးများ-ဒေါက်တာ သူ့ထက်ထွန်း၊ မောင်ဝင်းထွဋ်အောင်(နောက်ဆုံးနှစ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မောင်ဇွဲထက်ထွန်း၊ မောင်မိုးထွဋ်အောင်(ဒုတိယနှစ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်)**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြကြိုင် အသက် (၉၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ပြည်လုံးနိုင်ရပ်ကွက် နေ ဦးမျိုးသန့်-ဒေါ်အေးအေးကြိုင် (ကေသီဦး ကုမ္ပဏီလီမိတက်)တို့၏ မိခင်ကြီး ဒေါ်မြကြိုင်သည် ၁၇-၆-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးဌေးလှိုင်-ဒေါ်ငွေစန်း**
**ရွှေဝါလှိုင်ကုမ္ပဏီလီမိတက်၊ ရန်ကုန်မြို့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြကြိုင်(ကျောက်ဆည်မြို့)
### အသက်(၉၂)နှစ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၏ မိခင်ကြီး ဒေါ်မြကြိုင်သည် ၁၇-၆-၂၀၂၂ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**ညွှန်ကြားရေးမှူးချုပ်နှင့်ကော်မရှင်ရုံးဝန်ထမ်းများ**

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တနာရဒ
### သက်တော်(၉၈)နှစ်၊ သိက္ခာတော်(၇၇)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ကမ္ဘာ့ရပ်ကျေးရွာ ကျောင်းမကြီး ကျောင်းတိုက်၏ သက်တော်ရှည် ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တနာရဒသည် (၁၃၈၃ခုနှစ်၊ နယုန်လဆန်း ၃ ရက်) ၁၂.၆.၂၀၂၂ (စနေနေ့) ညနေ ၄ နာရီ ၄၅မိနစ်တွင် မန္တလေးမြို့ နန်းတော်ဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ကမ္ဘာ့ရပ်ကျေးရွာ ကျောင်းမကြီးကျောင်းတိုက်၌ ၁၃၈၃ ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်နေ့တွင် အန္တိမအဂ္ဂိစျာပနပူဇော်သဘင် အခမ်းအနား ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်သံဃာ ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**စျာပနကျင်းပရေးကော်မတီ**

### ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)
### ဂုဏ်ထူးဆောင်နာယက
### ဦးဌေးလွင် အသက်(၉၁)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ လေယာဉ်စက်မှုဌာန
### လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရန်ကုန်မြို့၊ (၁၀)မိုင်၊ ကျောင်းလမ်း၊ အမှတ်(၈၇၅/က)နေ ဒေါ်လှသန်း၏ခင်ပွန်း၊ (ဒေါ်သန္တာလွင်)၊ ဦးဝင်းဇော်လွင်- ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာခိုင်ခိုင်လွင်၊ ဒေါက်တာညိုမာလွင်တို့၏ဖခင်သည် ၁၆-၆-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၂ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/သားများသိစေရန် အကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြကြိုင်(ကျောက်ဆည်မြို့)
### အသက် (၉၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်နေ (ဦးကျော်ဇံ-ဒေါ်အေးမေ)တို့၏သမီး၊ (ဦးအေးကျော်)၏ဇနီး၊ ရန်ကုန်မြို့နေ ဒေါက်တာ ဦးသန်းမြင့်-ဒေါက်တာ ဒေါ်ခင်ဇော်နွဲ့၊ ကျိုက်ကမီမြို့နေ ဦးကျော်ကျော်-ဒေါ်အေးပို၊ ရန်ကုန်မြို့နေ ဦးခင်မောင်မြင့်-ဒေါ်ထားထားအေး၊ ကျောက်ဆည်မြို့နေ ဦးမျိုးသန့်-ဒေါ်အေးအေးကြိုင် (ကေသီဦးကုမ္ပဏီလီမိတက်)တို့၏မိခင်ကြီး၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ချစ်လှစွာသောအဘွားသည် ၁၇-၆-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၂ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ကျောက်ဆည်မြို့၊ မင်းမွေးတောင်သုသာန်၌ သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ မော်ကူးအုပ်စု၊ သရက်ပင်လယ်ရွာနေ မလမင်းခင် ၅/မလန(နိုင်)၀၄၆၄၅၅ ၏ဖခင် ဦးခင်မောင်စိုး(ခ)စောဖိုးနေထော် ၇/တငန(နိုင်)၁၁၇၁၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ရွှေပြည်သာရပ်ကွက်နေ မဝင်းယုခိုင် ၅/မလန(နိုင်)၀၄၁၃၈၃၏ ဖခင် ဦးစောလင်း(ခ)ဦးသိန်းဝင်း ၅/မလန (နိုင်) ၀၀၁၇၂၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ သောင်သွယ်စံပြကျေးရွာနေ မသန်းသန်းစိုး ၅/ဟမလ (နိုင်) ၁၁၄၉၂၆၏ ဖခင် ဦးဆန်းမြင့်(ခ) ဦးမောင်ဆန်း ၅/ဟမလ(နိုင်)၀၄၄၅၆၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဦးဌေးလွင် (ကြံခင်း)
### အသက် (၉၁)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)၊လေယာဉ်စက်မှုဌာန
### လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊(၁၀)မိုင်၊ကျောင်းလမ်း၊အမှတ်(၈၇၅/က)နေ (ဦးကိုကိုလေး-ဒေါ်ကြင်)တို့၏သား၊(ဦးစောလွင် -ဒေါ်ကြည်)တို့၏သားမက်၊ ဒေါ်လှသန်း၏ ခင်ပွန်း၊ (ဗိုလ်ကြီးသန်းကြွယ်)-ဒေါ်သောင်းသောင်းတင်၊ (ဦးလှထွန်း) ၊ ဒေါ်ခင်စန်းမြ-ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)၊ဒုဗိုလ်မှူးကြီးသိန်းဌေးဝင်း(ငြိမ်း)-(ဒေါ်မေကြည်)တို့၏အကိုကြီး၊ (ဒေါ်သန္တာလွင်)၊ဦးဝင်းဇော်လွင်( 2nd Mate,Marina Shipping Co.,Ltd) - ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာခိုင်ခိုင်လွင်(ဒုညွှန်မှူးဆေးသုတေသနဦးစီးဌာန(ရန်ကုန်)၊ဒေါက်တာညိုမာလွင်(ဓါတ်မှန်ပါရဂူ၊ မြင်းခြံဆေးရုံကြီး)တို့၏ ချစ်လှစွာသော ဖခင်၊ စောယုယုနှင်း၊ မောင်ကောင်းဇော်ဟိန်းတို့၏အဘိုးသည် ၁၆-၆-၂၀၂၂၊ဗုဒ္ဓဟူးနေ့၊ညနေ(၅း၃၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၆-၂၀၂၂၊ သောကြာနေ့၊နံနက်(၁၁း၀၀)နာရီအချိန်တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အသိပေးကြေညာခြင်း

မူဆယ်မြို့နယ်၊ ဟိုမွန်ရပ်ကွက်၊ အကွက်အမှတ် (၁၅/မီးစက်ရုံအနောက်ရပ်)၊ ဦးပိုင်အမှတ်(၉၃)၊ မြေဧရိယာ (၀ဒသမ၁၂၀)ကေရှိ မြေနေရာကို ဦးစိုင်းအောင်သန်း ၁၃/မဆတ(နိုင်)၀၄၀၅၄၄မှ စာချုပ်စာတမ်းဖြင့် မှတ်ပုံတင်ထားရှိပြီး မြေငှားဂရန် လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့်အထောက်အထားများ ယူဆောင်လာ၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား မြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မူဆယ်မြို့**
ဖုန်း-၀၈၂-၅၀၆၉၀၊ ၀၈၂-၅၀၅၀၃

## အနိစ္စ

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၈၂၄၂၁ ယာဉ်လက်ဝယ်ရှိသူ ဦးအောင် ၁၀/မဒန(နိုင်) ၂၀၈၂၆၄က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(မော်လမြိုင်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1E/6163, Toyota Probox NCP50 စတေရှင်ဝက်ဂွန်ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၁၂/အစန(နိုင်) ၁၂၁၀၉၉က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/8921, Toyota Succed NCP58 Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးရဲဇာနည် ၁၂/မဘန(နိုင်)၀၇၃၅၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

### ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ရွှေစည်းခုံရပ်ကွက်နေ ဦးဇော်မျိုးအောင် ၉/ရမသ(နိုင်)၁၅၉၄၆၉သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်မှာ မိမိမူပိုင်အဖြစ် သုံးစွဲ၍ ရမည်းသင်းမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် -၇/၂၀၂၂ အရ တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။




မှတ်ပုံတင်စာချုပ်အမှတ် ၇/၂၀၂၂

အထက်ဖော်ပြပါ ရသာမွှန် အသားခြောက်လုပ်ငန်း ကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း တုပ၍ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ အများပြည်သူထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားဖြစ်စေ၊ အတုအပပြုလုပ် သုံးစွဲခြင်း မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အတုအပပြုလုပ်သုံးစွဲကြောင်း တွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်၏ တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မျိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်သိန်း (LL.B)** | **ဒေါ်ပြည့်ဖြိုးလွင် (LL.B)** | **ဒေါ်ဇွန်ပွင့်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၆၁၉၇)** | **(စဉ်-၄၈၃၁၂)** | **(စဉ်-၅၂၉၁၈)** |
| **အမှတ် (၃၇၈)၊ ချယ်ရီလမ်း** | **ရွှေစည်းခုံ (၂)လမ်း** | **ရွှေစည်းခုံ (၁)လမ်း** |
| **သီရိမင်္ဂလာရပ်၊ မိတ္ထီလာမြို့။** | **ရမည်းသင်းမြို့။** | **ရမည်းသင်းမြို့။** |

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်8F/5745 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/39012 ယာဉ်လက်ဝယ်ရှိသူဦးမျိုးမြင့်အောင် ၉/တသန(နိုင်)၀၈၈၆၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရမည်းသင်း)**

### မြေငှားစာချုပ်(မူရင်း)ပျောက်ဆုံးကြောင်းကြေညာခြင်း

ဦးတင်ဖေ ၁၂/အစန(နိုင်)၀၈၄၆၈၆ ပိုင်ဆိုင်ဝယ်ယူထားသည့် မြေကွက်အမှတ်(၄၉)၊ လူနေရပ်ကွက်အမှတ် ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ မြေကွက်အမှတ် ၄၂၇၊ ဒေါ်ခင်ဝင်း ၁၂/စခန(နိုင်) ၀၃၀၈၂၆၏ ဂရန်အမည်ပေါက်မူရင်းစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကောက်ရပါက အကြောင်းကြားပေးပါရန်။

**ဦးတင်ဖေ ၁၂/အစန(နိုင်)၀၈၄၆၈၆**
**ဖုန်း-၀၉-၂၆၈၅၁၈၀၈၈၊ ၀၉-၅၁၁၅၃၆၄**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၁၄)၊ မြေကွက်တည်နေရာအမှတ်(၁၄)၊ ဗိုလ်မင်းရောင်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးတင်ဝင်း ၁၂/ဥကတ(နိုင်) ၀၄၂၆၀၈ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဂရန်အမည်ပေါက် ဦးတင်ဝင်း(ဖခင်)သည် (၁၈-၃-၂၀၁၃)ရက်တွင် လည်းကောင်း၊ မိခင် ဒေါ်သောင်းစိန်သည် (၉-၅-၂၀၁၅)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်၍ သား/သမီးများဖြစ်ကြသော ဒေါ်ကြည်ကြည်ဝင်း ၁၂/ဥကတ(နိုင်) ၀၃၇၀၃၁၊ ဒေါ်နီနီဝင်း ၁၂/ဥကတ(နိုင်) ၀၄၂၆၁၀၊ ဦးစိုးအောင်ဝင်း ၁၂/ဥကတ(နိုင်)၁၇၃၅၆၈၊ ဦးထင်လင်း ၁၂/ဥကတ(နိုင်)၀၃၇၅၇၄၊ ဒေါ်သူဇာဝင်း ၁၂/ဥကတ(နိုင်)၁၃၂၆၂၄တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိခင်/ဖခင်သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်း၊ ဒေါ်ကြည်ကြည်ဝင်း+၃တို့မှ G.P ပေးသူ သက်ရှိထင်ရှားရှိကြောင်း နှင့် G.Pမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်နီနီဝင်း၊ ဦးစိုးအောင်ဝင်း၊ ဦးထင်လင်း၊ ဒေါ်သူဇာဝင်း (ဒေါ်သူဇာဝင်းမှကိုယ်တိုင်နှင့် ကျန်(၄)ဦးတို့ထံမှ G.P ၄၇၈/၂၀၂၀၊ ၁၀-၁-၂၀၂၀ရသူ)တို့မှ ပိုင်ဆိုင် ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်မှ မြေဧရိယာ(၀ဒသမ ၁၁၅)ကေရှိ မြေကွက်အမှတ်(ပ-၂၂၅၃၉)၊ ဒေါ်ဝင်းဝင်းစမ်း ၁၁/စကန(နိုင်)၀၃၄၃၉၇ (ဘ)ဦးကြွင်းစိန်အောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးနေမျိုး ၇/ဒဥန(နိုင်)၀၀၁၁၃၉(ဘ)ဦးလှရွှေ မှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၄၇/၁၃-၇-၂၀၂၀)တင်ပြ၍ ဦးဌေးအောင် ၆/မအရ(နိုင်) ၀၀၄၂၄၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင် မူစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



မိုးစပါးစိုက်ပျိုးရန် စပါးပျိုးပင်များ ပျိုးထောင်ထားမှုကို တွေ့ရစဉ်။

# ကန့်ဘလူမြို့နယ်အတွင်း မိုးစပါး ၁၄၉၀၁၅ ဧက စိုက်ပျိုးရန်လျာထားပြီး ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးဆောင်ရွက်သွားမည်

**ကန့်ဘလူ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၏ ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးအတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၉၀၁၅ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားပြီး စပါးထုတ်လုပ်မှုတိုးတက်လာခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်၊ ရာသီဥတုရေမြေဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးအတွက် တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်သုံးစွဲရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အဓိကထား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❍

# COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၆၂ ဦး တွေ့ရှိ

## ယနေ့အထိ စုစုပေါင်း ၁၃၃၃၄၆ ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်

(၁၆-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၄,၁၇၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၆၂) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၆၁,၉၈၄) ခု အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၆,၇၆၈) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၃၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၃,၃၄၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ✻

# မြန်မာနောက်ခံလူ ဇော်မင်းထွန်း ထရတ်အသင်းနှင့် စာချုပ် ချုပ်ဆို

**ရန်ကုန် ဇွန် ၁၇**

ပြည်ပနိုင်ငံများတွင် ဆုကြေးစား သွားရောက်ကစားနေသည့် မြန်မာနောက်ခံလူ ဇော်မင်းထွန်းသည် ထိုင်းလိဂ်-၂ ကလပ် ထရတ်အသင်းနှင့် ဇွန် ၁၇ ရက်က အပြီးသတ်စာချုပ် ချုပ်ဆိုခဲ့သည်။

မြန်မာကစားသမားများကို အသုံးပြုဖူးသည့် ထရတ်အသင်းသည် ဇော်မင်းထွန်းကို ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဇွန် ၁၇ ရက်မှစတင်ကာ အသင်းနှင့် ပူးပေါင်းနေပြီဖြစ်သည်။ ဇော်မင်းထွန်းသည် ၂၀၁၉ ခုနှစ်တွင် ထိုင်းကလပ်အသင်းများသို့ စတင်ပြောင်းရွှေ့ခဲ့ပြီး ၂၀၁၉ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်း၊ ၂၀၂၀-၂၀၂၁ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်းတို့တွင် ပါဝင်ကစားခဲ့သည်။ ဇော်မင်းထွန်းသည် ၂၀၂၀-၂၀၂၁ ရာသီအပြီးတွင် ဆူခိုထိုင်းအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီး သက်တမ်းမတိုးသဖြင့် အသင်းသစ်ရှာဖွေခဲ့ခြင်းဖြစ်သည်။ ဇော်မင်းထွန်းကို ခေါ်ယူရန် ထိုင်းကလပ်များစွာနှင့် မလေးရှားကလပ်အသင်းတို့က ကြိုးပမ်းခဲ့သော်လည်း နောက်ဆုံးတွင် ထရတ်အသင်းနှင့် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ ထရတ်အသင်းသည် ပြီးခဲ့သည့်ရာသီကလည်း မြန်မာကစားသမားများကို ခေါ်ယူအသုံးပြုခဲ့ဖူးပြီး တိုက်စစ်မှူး အောင်ကောင်းမာန်နှင့် တိုက်စစ်ကစားသမား ဆွမ်လမန်တို့ ပါဝင်ကစားခဲ့သည်။ ၂၀၂၁-၂၀၂၂ ရာသီ ထိုင်းလိဂ်ပြိုင်ပွဲများကို ဇူလိုင်လကုန်ပိုင်းတွင် စတင်ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်

# အကြမ်းဖက်သူများက စိန်ရွှေကုန်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းအတွင်းသို့ ဝင်ရောက်ကာ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဖတ်စာအုပ်များ မီးရှို့ဖျက်ဆီး

စာ - ၁၂





# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကင်းမကျေးရွာ၌ မီးလောင်ခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်စဉ်အမှန်အား သတင်းထုတ်ပြန်ခြင်း

စာ - ၂၁

# ဆွစ်ဇာလန်ကို အနိုင်ယူပြီး ယူရိုပြိုင်ပွဲ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် အီတလီ

ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၂) အဖြစ် အုပ်စု (A) မှ အီတလီအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်ကို ဇွန် ၁၇ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက ပြိုင်ဘက်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ယူရိုပြိုင်ပွဲ ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ အီတလီအသင်းသည် ပွဲစဉ် (၁) တွင်လည်း တူရကီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသောကြောင့် ယူရိုပြိုင်ပွဲတွင် နှစ်ပွဲကစား၊ နှစ်ပွဲနိုင် ရမှတ် ခြောက်မှတ်ဖြင့် ရှုံးထွက်အဆင့်သို့ ဆောလျင်စွာ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီနီ၏ အီတလီအသင်းသည် ပြီးခဲ့သည့် ပွဲစဉ်တွင် တူရကီအသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို တစ်ဦးသာ အပြောင်းအလဲပြုလုပ်ပြီး ဒွန်နာရမ်မာ၊ လော်ရန်ဇီ၊ ဘိုနူချီ၊ ချီလီနီ၊ ဘာရယ်လာ၊ ဂျော်ဂျင်ဟို၊ လိုကာတယ်လီ၊ ဘီရာဒီ၊ အင်မိုဘီလီ၊ အင်ဆစ်ဂ်နီစသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ဆွစ်ဇာလန်အသင်းသည် ပြီးခဲ့သည့် ပွဲစဉ်တွင် ဝေးလ်အသင်းကို တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည့် ပွဲစဉ်မှ ကစားသမားစာရင်းကို အပြောင်းအလဲ ပြုလုပ်လာခြင်းမရှိဘဲ ဆွန်မာ၊ ရိုဒရီဂွက်ဇ်၊ ရှာကာ၊ ဖောင်လာ၊ အမ်ဘာဘူ၊ ရှာကွီရီ၊ အမ်ဘိုလို၊ ဆီဖာရိုဗစ်စသည့် ကစားသမားများဖြင့် အီတလီအသင်းကို ရင်ဆိုင်လာခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၃* ◆



အီတလီအသင်းမှ လိုကာတယ်လီ ဆွစ်ဇာလန်အသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် တွေ့ရစဉ်။